# တောစဝ္ဒရုး

ဂျက်ကွမ်းခြံကုန်း



mgyoe.com

mgyoe.com

# ကောဓိဒ္ဒရုး

ချက်

ကွမ်း-ဖြ်ညန်း



mgyoe.com

mgyoe.com

mgyoe.com

ထုတ်ဝေသူ
ဒေါ်တင်တင်အေး၊ ရွှက်ပိမ်းစာပေ၊
၄၃-အေ၊ မြေညီထပ်၊ ၄လမ်း၊ ၁ ရပ်ကွက်၊ လမ်းမတော်
ပုံနှိပ်သူ
ဦးဝန့်ဦး၊ အက်စ်ကေဗီဗီပရက်စ်၊
၆ဂု၊ ၁၆၄ လမ်း၊ တာမွေ၊
အတွင်းသရုပ်ဖော်
ထက်မိုး
ဖြန့်ချိရေး = စိတ်ကူးချိုချိုစာပေ
၂၀၁၄၊ နိုဝင်ဘာလ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| – | တောစန္ဒရားနှင့်ပတ်သက်၍ | | က |
| ၁။ | နှောင်ပြင်နိုင်ခက်သည့် ကွန်စတီကျူးရှင်း | 9 March 2014 | ၁ |
| ၂။ | တောထဲက တက်ကိစ် | 16 March 2014 | ၆ |
| ၃။ | ကမ္ဘာတိုင်မယ့် မဟာဂနိုင် | 23 March 2014 | ၁၂ |
| ၄။ | ၃၉၉၉၉၉ ကျပ် ၉၉ ပြားအထိ ရှိုးသားတဲ့တိရစ္ဆာန်များ | 30 March 2014 | ၁၈ |
| ၅။ | တစ်တောလုံးကတော့ ရွှဲရွှဲကိုစိုပါလေရော | 6 April 2014 | ၂၄ |
| ၆။ | လွတ်အောင်လည်းရေး လွတ်အောင်လည်းပြေး | 20 April 2014 | ၃၀ |
| ၇။ | ကျားကို ရီဟာဇယ် သေခိုင်းပြီးတဲ့နောက် | 27 April 2014 | ၃၅ |
| ၈။ | စုံနံ့သာမြိုင်က ငွေစက္ကူများ | 4 May 2014 | ၄၁ |
| ၉။ | စုံနံ့သာမှာ မြိုင်ပြုတ်မသွားစေနဲ့ | 11 May 2014 | ၄၇ |
| ၁၀။ | ထူးလည်းထူးတဲ့ သည်မြိုင် | 18 May 2014 | ၅၄ |
| ၁၁။ | ပြင်မလော မပြင်မလော ဟောသည့်တော | 25 May 2014 | ၅၉ |
| ၁၂။ | စုံနံ့သာမြိုင် တစ်ခေတ်ဆန်းလေပြီထင့် | 1 June 2014 | ၆၄ |
| ၁၃။ | မူးယစ်ဝေတဲ့ စုံနံ့သာမြိုင်ရက်များ | 8 June 2014 | ၇၀ |
| ၁၄။ | ဝှိုင်း (why) မလာရဆိုတဲ့ ဘလိုင်း (blind) ပဓာနနယ်မြေ | 15 June 2014 | ၇၆ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၁၅။ | တိရစ္ဆာန်ကလေးတွေကို ပစ်မထားပါဘူး | 22 June 2014 | ၈၂ |
| ၁၆။ | အစွယ်နဲ့ အကောင်လည်းလာ<br>အဆိပ်နဲ့အကောင်လည်းလာ | 29 June 2014 | ၈၈ |
| ၁၇။ | ဘုံကမ္ဘာတစ်လွှားက စုံနံ့သာသား | 6 July 2014 | ၉၄ |
| ၁၈။ | စုံနံ့သာမြိုင်မှာ ရှာသောမိုး | 13 July 2014 | ၁၀၀ |
| ၁၉။ | တောလုဖို့ ဒေါမပွကြနဲ့ကွယ်တို့ | 20 July 2014 | ၁၀၅ |
| ၂၀။ | လူနတ်ပြဟ္မာ သတ္တဝါ အညွန်းကိန်းများ | 27 July 2014 | ၁၁၁ |
| ၂၁။ | စုံနံ့သာမြိုင်မှာ ထမင်းမငတ်ပါဘူး | 3 August 2014 | ၁၁၇ |
| ၂၂။ | ဩကိုဆွဲ၊ အွတ်ကိုဖြတ်၊<br>ဘွတ်အဲမှာ ပွဲတင်ထပ် | 10 August 2014 | ၁၂၃ |
| ၂၃။ | ဟောသည့်ဘက်က တောစပိပ္ပလေး | 17 August 2014 | ၁၂၉ |
| ၂၄။ | စုံနံ့သာမြိုင်မှာ အချမ်းသာဆုံးတိရစ္ဆာန် | 24 August 2014 | ၁၃၄ |
| ၂၅။ | စုံနံ့သာမြိုင်၌ ဆယ်ယူကြသည် | 31 August 2014 | ၁၄၀ |
| ၂၆။ | တောဘက်က ပရောဂျက် | 7 Sept 2014 | ၁၄၆ |
| ၂၇။ | ဟိုလိုဟောင်းလောင်း စုံနံ့သာမြိုင်မှာ | 14 Sept 2014 | ၁၅၂ |
| ၂၈။ | စုံနံ့သာမြိုင်ထဲက မယုံစရာ ပြိုင်ပွဲများ | 21 Sept 2014 | ၁၅၈ |
| ၂၉။ | တောစီးကရက် | 28 Sept 2014 | ၁၆၃ |
| ၃၀။ | သူ့တောမြိုင်မှာ သူ့အလုပ် သူ့အကိုင်တွေနဲ့ | 5 Oct 2014 | ၁၆၉ |
| ၃၁။ | တိရစ္ဆာန်ယန္တရား၌ စန္ဒရားတီးခြင်း | 12 Oct 2014 | ၁၇၅ |
| ၃၂။ | ထို့ကြောင့် တိရစ္ဆာန်ဟုခေါ်ကြသည် | 19 Oct 2014 | ၁၈၁ |


❑

mgyoe.com

mgyoe.com

## တောစန္ဒရားနှင့် ပတ်သက်၍

စာရေးဆရာကြီး ဂျော့အော်ဝဲလ် (George Orwell)ဟူသည့်အမည်ကို မြန်မာစာပေလောကသားတို့က ကြားဖူးနားဝ ရှိကြပါသည်။ ၁၉၀၃ ၌ အိန္ဒိယတွင် မွေးကာ ၁၉၅၀ တွင် လန်ဒန်၌ ကွယ်လွန်ခဲ့သော နာမည်ကျော် စာရေးဆရာကြီးတစ်ယောက် ဖြစ်ပါသည်။ ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် ၁၉၂၂ မှ ၁၉၂၈ အထိ အမှုထမ်းခဲ့ဖူးသည့် အင်္ဂလိပ်အရာရှိတစ်ယောက် လည်း ဖြစ်ပါသည်။

"Burmese Days"သည် သူ၏ မြန်မာနိုင်ငံရေးရာ စာအုပ်ဖြစ်ပါသည်။ သူ၏ နာမည်ကျော် စာနှစ်အုပ်ဖြစ်သော Animal Farm တို့၊ Nineteen Eighty - Four တို့ကမူ တစ်ခါက အာဏာရှင်နိုင်ငံများဖြစ်ခဲ့သည့် ရုရှားတို့၊ မြန်မာတို့ကို ရည်ညွှန်းပြီး ရေးခဲ့ခြင်းဖြစ်ကြောင်း အယူအကောက်တချို့ ရှိပါသည်။

Animal Farm ကို သခင်ဘသောင်းက "ခြေလေးချောင်းတော်လှန် ရေး"အမည်ဖြင့် ဘာသာပြန်ဆိုခဲ့ဖူးပါသည်။ အာဏာအခြေခံ လူ့အဖွဲ့ အစည်းကို တိရစ္ဆာန်လောကနှင့် ရည်ညွှန်းကာ ရေးသားသွားလိုက်ပုံတွေ ကများ။

mgyoe.com


mgyoe.com


သို့ဖြင့် တိရစ္ဆာန်ဆန်သည့် လူ့အဖွဲ့အစည်းကို ရုပ်ပြကာ ပထမ 'တောပါးစပ်' ကို ရေးဖြစ်ခဲ့ပါသည်။ ယခု ထပ်ဆင့်ကာ 'တောစန္ဒရား' ကို ဆက်ရေးဖြစ်ပါသည်။ စောင်းသံကို နားမလည်သူ ကျွဲများအတွက် 'ကျွဲပါး စောင်းတီး' ဟူသော စကားရှိရာ စန္ဒရားသံကို တောကောင်တို့ နားလည်ပါစ ဟု အတွေးဝင်လျက် ယခုစာစုကို စန္ဒရားသံကိုယ်စားပြုပြီး 'တောစန္ဒရား' လုပ်လိုက်ရပါကြောင်း ဟူလို။

*ဂျက်ကွမ်းခြံကုန်း*

mgyoe.com

mgyoe.com



mgyoe.com

## နောင်ပြင်နိုင်ခက်သည့် ကွန်စတီကျူးရှင်း

### (တစ်)

တက္ကသိုလ်ဆရာတစ်ဦးက မှာဖူးသည့် နှုတ်ရည် အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်နိုင်ခက်သည့် အမျိုး... တဲ့။

အဲသဟာ ရေးကဗျာကလေးတစ်ပုဒ်ရဲ့ အစပထမအပိုဒ်ကို ကောက်နုတ်ပြီး ရေးထည့်လိုက်တာပေါ့။ အခက်သုံးပါးကို သတိပြုဆောင်ရွက်နိုင်ကြရန်အလို့ငှာ လက်တို့ပြီး သတိပေးလိုက်တဲ့ ကဗျာကလေးပဲပေါ့။ ဟိုးရှေးရှေးခေတ် တက္ကသိလာကျောင်းတိုက်က ဒိသာပါမောက္ခဆရာကြီးက နှုတ်မြွက်စကားနဲ့ ထုတ်လျက် မှာကြားဖူးခဲ့ပါလေသတဲ့။ အိမ်ထောင်တစ်ခုကို မပြုမီက စဉ်းစားပါတဲ့။ ပြုပြီးသွားရင် ပြင်ဖို့ခက်ပါတယ်တဲ့။ အနို့အတူ ဘုရားကိုလည်း မတည်ခင်က စဉ်းစားပါတဲ့။ တည်ပြီးသွားရင် ပြင်ဖို့ ခက်ပါတယ်တဲ့။ ထို့အတူ ဆေးမင်ကြောင်(ခေါ်) ထိုးကွင်း(ခေါ်) တက်တူး (tattoo) ကိုလည်း မထိုးမီက စဉ်းစားပါတဲ့။ ထိုးပြီးသွားရင် ပြင်ဖို့ခက်ပါတယ်တဲ့။ ကောင်းလိုက်တာ။

အနို့သော် သို့သော်လည်းပေါ့။ ခေတ်သစ်ကိုရောက်လာတဲ့အခါ အဲသည် အနိုကဗျာထဲကနှယ် မဟုတ်တော့ဘဲနဲ့ လူတွေဟာ ပြင်ဟယ် ဆင်ဟယ်လုပ်လာကြပုံ ရပါတယ်။ တစ်ယောက်မကောင်း တစ်ယောက်

mgyoe.com

mgyoe.com

ပြောင်း ဆိုတဲ့မှုနဲ့ ကွဲကြ ပြဲကြတဲ့ အိမ်ထောင်တွေ ပိုလို့ပိုလို့ များပြားလာလေသလားပါပဲ။ သည်လိုပါပဲ ဘာနဲ့မလွတ်လို့၊ ညာနဲ့မလွတ်လို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ဘုရားကို တူးရွှေ့၊ အိမ်ကို တူးရွှေ့လုပ်လာကြတာပါပဲ။ ဟော... ဆေးမင်ကြောင်တွေကိုတောင်မှ ငွေများများသုံးပြီး ဖျက်ခိုင်းရင် ဖျက်လို့ရပါလေသတဲ့ခင်ဗျ။

ပျက်အစဉ် ပြင်ခဏဆိုတဲ့စကားဟာ အဲသဟာကြောင့်များ ပေါ်ပေါက်လာခဲ့လေသလား မဆိုတတ်ပါဘူး။

အခု... စုံနံ့သာမြိုင်တောကြီးထဲမှာ ပွစိပွစိဖြစ်နေတာဟာ အဲသည့် ပြင်ရခက်တယ်၊ ပြင်ရမခက်ဘူးဆိုတဲ့ ကိစ္စပါပဲကွယ်တို့။

## (နှစ်)

'စုံနံ့သာမြိုင် ကွန်စတီကျူးရှင်း' ဆိုပြီး ဂျက်ကွမ်းခြံကုန်းရေးခဲ့ဖူးတဲ့ စာတစ်ပုဒ်ထဲမှာ စုံနံ့သာမြိုင်တောထဲက တိရစ္ဆာန်များဟာလည်း လူသားတို့ကိုတုပကာ ကွန်စတီကျူးရှင်း (constitution) လို့ခေါ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ဘာနဲ့အုပ်ချုပ်လာကြတဲ့အကြောင်း ဖော်ပြခဲ့ဖူးပါတယ်။ အခု အဲသည့် စုံနံ့သာမြိုင်ကွန်စတီကျူးရှင်းကြီးကို ပြင်မယ် မပြင်ဘူးဆိုပြီး တောထဲက တိရစ္ဆာန်တွေရဲ့ကြားထဲမှာ ပွစိ ပွစိ ဖြစ်နေကြတာပါ။

အများသိတော်မူကြတဲ့အတိုင်း စုံနံ့သာမြိုင်ရဲ့ ကွန်စတီကျူးရှင်းကို ဆွဲထားတာက မြေခွေးပါ။ ပထမဦးဆုံးတင်လိုက်တဲ့အဆိုက စုံနံ့သာမြိုင်တောကို ခြေလေးချောင်းသတ္တဝါများသာ စိုးမိုးရမည်ဆိုတဲ့အဆိုပါ။ ခြေလေးချောင်းတွေက ထောက်ခံခဲ့ကြလေသပေါ့။ နောက်တစ်ဆင့် ထပ်တင်တဲ့အဆိုက အနီခြေလေးချောင်းသတ္တဝါတို့သည် အသားစားသတ္တဝါများသာ ဖြစ်ရမည်ဆိုတဲ့အဆိုပါ။ အသားစားတဲ့အကောင်တွေက ထောက်ခံခဲ့ကြပြန်လေသပေါ့။ နောက်တစ်ခါ ထပ်တင်ပြန်တဲ့အဆိုက ယင်းအသားစားသတ္တဝါသည် နာမည်နှစ်လုံးနဲ့ဖြစ်ကာ အဆိုပါနာမည်သည် ကြာသပတေးနာမ်နဲ့စ,ကာ တနင်္လာနာမ်နဲ့ ဆုံးရမည်ဆိုပြီးတော့ တောရဲ့ ကွန်စတီကျူးရှင်းကို စနစ်တကျ စည်းကမ်းရှိရှိ သိက္ခာသမာဓိခိုင်ခိုင်မာမာနဲ့ သတ္တဝါအစွဲမရှိဘဲ ဆွဲထည့်လိုက်တာ မြေခွေးနဲ့ သွားပြီး တည့်တည့်တိုးနေတော့တာ

mgyoe.com

mgyoe.com


ပါပဲ။ အနို့ကလို၊ သို့ကလိုနဲ့ မြေခွေးဟာ စုံနံ့သာမြိုင်တောကြီးထဲမှာ ကွန်စတီကျူးရှင်းနဲ့အညီ တောဘုရင်ဖြစ်လာခဲ့ရပါကြောင်း ဂျက်ရဲ့စာမူ အဟောင်းတစ်ပုဒ်ထဲမှာ တင်ပြခဲ့ဖူးမိလေတာပါ။

အခု အဲသည့် တောကွန်စတီကျူးရှင်းကြီးကို တိရစ္ဆာန်တွေက မကြိုက်ကြတာပါတဲ့။

"အိမ်ထောင်ပြုတာ၊ ဘုရားတည်တာ... ဆေးမင်ကြောင်ထိုးတာ ပြင်ဆင်ဖို့ခက်ခဲသလို ကွန်စတီကျူးရှင်းတစ်ခုဟာ ပြင်ရခက်တယ် ဆရာကြီးဂျက်ရဲ့"

အဲသဟာ ဂျက်နဲ့ဆုံတိုင်း မြေခွေးပြောလေ့ရှိတဲ့စကားပေါ့။

"ပျက်အစဉ် ပြင်ခဏမဟုတ်လား ကိုမြေခွေးရယ်။ အဆွေရေးထားတဲ့ဟာကို အဆွေပြန်ပြင်လို့ မရဘူးလားဗျာရယ်"

"ပြင်ချင်တာပ... ဂျက်ဆရာရယ်။ စည်းကမ်းကြီးကြောင့် ခက်နေတာခင်ဗျ"

မြေခွေးရဲ့ ညည်းချင်းပါ။ ဘယ့်နှာသို့သော စည်းကမ်းမှန်းမသိ။

## (သုံး)

"လူတွေက ကွန်စတီကျူးရှင်း ပြင်လေ့ရှိသလား ဆရာကြီးဂျက်" တဲ့။

တစ်နေ့တော့ ဘာစိတ်ကူးပေါက်တယ်မသိ။ မြေခွေးက အနို့ကလို ဂျက်ကိုမေးလာပါတယ်။

အမေရိကန်သမ္မတတွေရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲများမှာ "Preserve, Protect and Defend the constitution of united States" ဆိုပြီး ဆိုကြရပါတယ်။ အမေရိကန်ကွန်စတီကျူးရှင်းကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ပါ့မယ်ပေါ့ဗျာ။ အနို့သော် ၁၇၈၉ ကစခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်လို့ ထပ်ထပ်ပြင်ခဲ့တာ ၂၇ ခုရှိပြီတဲ့ခင်ဗျ။ အိန္ဒိယမှာလည်း သည်အတိုင်းပါပဲ။ ၉၄ ခုပြင်ခဲ့ပြီးပါပြီတဲ့။ ဘယ်အရာမှ ထာဝရမှန်၊ ထာဝရကောင်းတဲ့အရာဆိုလို့ ကမ္ဘာပေါ်မှာမရှိနိုင်တာကြောင့် ကွန်စတီကျူးရှင်းဆိုတာကြီးကိုလည်း ပြင်ရပါကြောင်း ဂျက်က အကိုးအထောက်တွေနဲ့ ပြော

mgyoe.com

ပြလိုက်တဲ့အခါ မြေခွေး နည်းနည်းစဉ်းစားသွားပုံရပါတယ်။

"ခက်တာက ဆရာကြီး ဂျက်ရဲ့ တောတွင်းရှိ မြေခွေးမှန်သမျှ တစ်ကောင်မကျန်က ထောက်ခံကြရင် စုံနံ့သာမြိုင်ရဲ့ ကွန်စတီကျူးရှင်းကို ပြင်နိုင်တယ်လို့ စည်းကမ်းထုတ်ထားမိသဗျ"

"နေပါဦး... စည်းကမ်းက ဘယ်သူက ထုတ်တာတုံး"

"ကျုပ်ထုတ်တာလေ"

"ခင်ဗျားထုတ်တဲ့ စည်းကမ်းကို ခင်ဗျား ပြန်ပြင်လို့မရဘူးလား အဆွေမြေခွေးရဲ့"

"မရလို့ ခက်တာပေါ့ ဆရာဂျက်ရယ်"

"ဘယ့်နှာကြောင့်"

သည်တစ်ခါမှာတော့ မြေခွေးက ဂျက်ကို အကြာကြီးကိုပဲ စိုက်ကြည့်နေတော့တာပါ။ ကြာဆိုမှ တော်တော့်ကို ကြာတဲ့အကြာပေါ့။

"ပြင်ပေးရင်... မြေခွေးရဲ့ပလ္လင်အရေးက စိတ်ချရပါ့မလားဟင်... ဆရာဂျက်"


"သြော်... အဆွေမြေခွေးရယ် တောကောင်းဖို့အတွက်ကတော့ မနောပြောင်းရပေမှာပေါ့ဗျာ။ ပလ္လင်အရေးရယ်ကြောင့် ပြင်မပေးချင်ဘူးဆိုလည်း ခင်ဗျားတို့တော အစဉ်ဆွေးလို့သာနေကြပေတော့ပေါ့ ဟုတ်ဘူးလား"

အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုးတဲ့။ ပြင်ဖို့ ခက်တဲ့အထဲမှာ စုံနံ့သာမြိုင် ကွန်စတီကျူးရှင်းကိုပါ ထပ်ဖြည့်လိုက်ပေရော့။ ။

❑

mgyoe.com

mgyoe.com



mgyoe.com

# တောထဲက တက်က်စ်

## (တစ်)

တက်ကစစ်တဲ့။ ဟုတ်ပါတယ်။ တက်ကစစ်ပါ။ အခေါက်ပေါင်းကို ဘယ်နှခေါက်ရှိသွားပြီလဲဆိုတာကိုတောင် ဂျက်ကွမ်းခြံကုန်း မရေမတွက်နိုင်တော့ပါဘူး။ မြေခွေးပါးစပ်က ထွက်လာသမျှ တက်ကစစ်ချည်းပါပဲ။ သူ့ရဲ့ အင်္ဂလိပ်စာမပီသမှုကြောင့် အနှိဘဝကိုများ စိတ်ပျက်အားငယ်နေလေရော့သလားမသိ။ အဲသည် တက်ကစစ်ဆိုတဲ့ အင်္ဂလိပ်အသံထွက် အမှားကြီးထဲကနေ မြေခွေးတစ်ကောင် ရုန်းထွက်နိုင်ဖို့ ကြိုးစားနေခဲ့လိုက်တာ သည်နေ့မနက်မှာတော့ တော်တော်ကလေးကို ပီသလာခဲ့ရပါပြီ။ တက်ကစစ်မဟုတ်တော့ပါဘူး။ တက်က်စ်တဲ့။

Tax ဆိုတာ ဘာဆန်းသလဲဗျာ။ အခွန်ပေါ့။ အခွန်ကောက်တာပေါ့။ အခွန်ဆောင်တာပေါ့။ လူ့ရပ်လူ့ရွာ လူ့ကမ္ဘာဆိုတာကြီးဟာ အခွန်တို့၊ အကောက်တို့နဲ့ပဲ မောင်းနှင်လည်ပတ်နေရစမြဲဥစ္စာ။ ဘုရင့်ဘုရင်တို့ရဲ့ ယခင့်ယခင်ကာလတွေတုန်းကလည်း အခွန်ကောက်တာပဲ။ အချိုးကျကျ မကျကျ အစိုးရတိုင်း၊ အစိုးရတိုင်းတို့ကလည်း အခွန်ကောက်တာပဲ။

လယ်ခွန်၊ ယာခွန်၊ အိမ်ခွန်၊ ခြံခွန်၊ လူခွန်၊ စည်ပင်သာယာခွန်၊ ကျန်းမာရေးခွန်၊ ရောင်းခွန်၊ ဝယ်ခွန်၊ ဝင်ငွေခွန်၊ လမ်းခွန်၊ တံတားခွန်၊ ရေခွန်၊ မီးခွန်၊ ကားခွန်၊ ဈေးခွန်၊ ဆိုင်ခွန်၊ ရပ်နားခွန်၊ ဖြတ်သွားခွန် ဆိုပြီး

mgyoe.com

အခွန့်အခွန်တရားတွေက အလွန့်အလွန်မှဆိုသလို များပြားလွန်းလှပါဘိ။

"လူ့ရပ်လူ့ရွာ လူ့ကမ္ဘာမှာက တိုးတက်ဖွံ့ဖြိုးသမှုရှိပြီးနှင့်တဲ့ နိုင်ငံတိုင်းမှာ အခွန်ပေးဆောင်တယ်ဆိုတာ နိုင်ငံသားတို့ရဲ့ ဂုဏ်သိက္ခာပဲ အဆွေမြေခွေးရဲ့"

မြေခွေးမင်း နားရွက်ထောင်သွားသဗျ။ ဂျက်ကိုလည်း တစ်ချက် ဖျတ်ခနဲလှမ်းကြည့်ပြီး မလှမ်းမကမ်းက လက်ပံပင်ကြီးရဲ့အပေါ်မှာ ခုန်ဆွခုန်ဆွလုပ်နေကြတဲ့ ဆက်ရက်ငှက်တွေကို ငေးကြည့်နေလေပြန်ပါရဲ့။ ပြီးမှ ဂျက်ဆီကို မြေခွေးရဲ့အကြည့်တွေ ပြန်ရောက်လာတဲ့အချိန်မှာ ဂျက်က စကားကိုဆက်ရပြန်ပါတယ်။

"နိုင်ငံတော်ကို အခွန်အများဆုံးပေးနိုင်တာ ဘယ်သူပါ ဘယ်ဝါပါဆိုတာဟာလည်း ဂုဏ်တစ်ရပ်ရယ်လို့... လူ့လောကမှာ ယုံမှတ်ကြလေသတဲ့။ တောရဲ့ ဦးသျှောင်... မြေခွေးမောင်ရေ"

အဲသည်ကစပြီး မြေခွေးက အခွန်အကောက်ဆိုတာကို စိတ်ဝင်စားသွားတာပါ။ အခွန်ကို အင်္ဂလိပ်လို ဘယ့်နှာလို့ခေါ်သတုံးလို့ မေးတာကလည်း မြေခွေးပါပဲ။ ဂျက်က တက်က်စ် (Tax) လို့ ရွတ်ပြလိုက်တာပါ။ ဒါကို မပီသူ မြေခွေးက တက်ကစစ်လို့ ဆိုနေတဲ့အတွက် ဂျက်က စိတ်ရှည်လက်ရှည်နဲ့ သင်ပေးလိုက်တဲ့အခါ အခေါက်ရေလည်း တော်တော်ကလေးများသွားရော မြေခွေးရဲ့အသံက နားထဲမှာ ခေါင်းဝင် ကိုယ်ဆံ့ ဖြစ်သွားပါတယ်။ တက်က်စ်တဲ့။

"တိရစ္ဆာန်တွေကို မိန့်ခွန်းပြောတဲ့နေ့မှာ... တက်က်စ်လို့ ပီပီသသကြီးကို... ပြောပစ်ရမယ်.. ဘာမှတ်လို့လဲ"

မြေခွေးဥဒါန်း ကျူးလေပြီတမုံ့။

## (နှစ်)

"အို... တောတိရစ္ဆာန်အပေါင်းတို့... အရပ်ဒေသတစ်ခု ဖွံ့ဖြိုးမှုရှိလာစေရန်အလို့ငှာ ထိုအရပ်၌ နေထိုင်သူ သတ္တဝါတို့ရဲ့ အခွန်အတုတ်များနဲ့သာ တည်ဆောက်ကြရပါတယ်။ ကျွန်ုပ်တို့ရဲ့ စုံနံ့သာမြိုင်တောကြီး ဟည်းထလာစေရန်အလို့ငှာ ယနေ့မှစလို့ အခွန်အတုတ်များ ကောက်ကြရပါမယ်။

mgyoe.com

mgyoe.com


ယင်း ၄င်းအခွန်များနဲ့ ကမ္ဘာဖြုံမယ့် မဟာရဂုံကြီးကို တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ သတ္တဝါမှန်သမျှ အခွန်အတုတ်ပေးဆောင်ကြ”

အဆိုပါမိန့်ခွန်းဟာဖြင့် စုံနံ့သာမြိုင်တစ်တောလုံးကို ဟိန်းဟိန်းဟုန်း ဟုန်းကြီးကို ဖြစ်သွားခဲ့တော့တာပါ။

ကင်းခြေများတွေက ခြေထောက်နှစ်ချောင်းကိုသာ Free Tax ပေးပြီး ကျန်ခြေထောက်များအတွက် အခွန်ပေးဆောင်ရလေမတဲ့ခင်ဗျ။ သစ်ကုလားအုတ်ကြီးတွေက သတ္တဝါအထွေထွေထက် လည်ပင်းကြီးတွေ ပိုရှည်နေတဲ့အတွက် လည်ပင်းခွန်ပေးဆောင်ရလေမတဲ့။ သစ်ကိုင်းပေါ်မှာ ဖြတ်ဖြတ်ပြီးလျှောက်နေတဲ့ ရှဉ့်ကလေးတွေ တစ်ရက်ကို ပေတစ်ရာသာလျှောက်ခွင့်ပြုထားပြီး ပေပိုအတွက်က ပိုသမျှအခွန်ပေးဆောင်ရလေမတဲ့။ လွမ်းတေးရှင် ရွှေဥသြတို့ကတော့ မနက်၊ နေ့လယ်၊ ညနေ တစ်ချိန်မှာ သုံးကြိမ်သာ တွန်ခွင့်ပေးထားပြီး တစ်ရက်ကိုးကြိမ်အထက် တွန်ခဲ့သော် အကြိမ်နဲ့အမျှ အခွန်ပေးဆောင်ကြရလေမတဲ့။ လိပ်တွေအဖို့ရာမတော့ တစ်နေရာတည်းမှာ အကြာကြီးရပ်နားထားခဲ့ရင် ရပ်နားခွန်ပေးဆောင်ရမယ်ဆိုလား။ ပုတ်သင်ညိုတွေက ခေါင်းညိတ်ခွန်တဲ့။ ဖီးကွက်တွေက ညထွက်ခွန်တဲ့။ ရေမြင်းကြီးတွေက ရေခွန်တဲ့။ ပိုးစုန်းကြူးတွေက မီးခွန်တဲ့။ ကြက်သားအုပ်မကြီးတို့၊ ငါးလေးသားပေါက်တို့ကတော့ သားသမီးခွန်တဲ့။ အို... သတ္တဝါမှန်သမျှ ဘယ်အကောင်မှ ရှောင်တိမ်းလို့မလွတ်အောင် အခွန်ကောက်ပြီး မြိုင်သေလာကို စတိုင်ဝေဆာအောင်လုပ်မယ့်အစီအစဉ်ဆိုလား။

လူသားတို့ Tax ကောက်ပြီး ကိုယ့်ရပ်ကိုယ့်ရွာကို တည်ဆောက်ကြသလို စုံနံ့သာမြိုင် တစ်ရေးနိုးလေပြီထင့်ဆိုတဲ့အတွေးနဲ့ ဂျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလိုက်တာများ။

## (သုံး)

ပညာရှိ သတိဖြစ်ခဲလို့ဆိုသလို စုံနံ့သာမြိုင်ကို သဘောကျသလိုလိုဖြစ်နေမိတဲ့ ဆရာကြီး ဂျက် သုံးလေးရက်လောက်ကြာတော့ တစ်ခုခုကို ဖျတ်ခနဲဆိုသလို သတိရမိသလိုလိုဖြစ်သွားသဗျ။ အေးအေးဆေးဆေးစဉ်းစားမိတော့မှ ခေါင်းထဲမှာ လင်းခနဲတစ်ချက်ဖြစ်သွားပြီး တောဆီကို ခရီး

mgyoe.com

mgyoe.com

နှင်ခဲ့မိပါလေရော။

"ဟော့... အဆွေမြေခွေး ခင်ဗျား အခွန်ကောက်မယ့် တိရစ္ဆာန်တွေထဲမှာ တချို့သတ္တဝါတွေ မပါဘူးလားလို့"

မြေခွေးနဲ့တွေ့တွေ့ချင်း ဂျက်မေးမိတဲ့စကားပါ။ သူကလည်း ပြန်မေးပါတယ်။ ဘယ်အကောင်တွေလဲဗျတဲ့။

"ကျားဗျာ... ဆင်ဗျာ... ခြင်္သေ့ဗျာ..."

ဂျက်ကွမ်းခြံကုန်းရဲ့စကား အဆုံးအထိ ရောက်မသွားခဲ့ပါဘူး။ မြေခွေးက အလျင်စလို လက်ပြပြီး တားတဲ့အတွက် ရပ်ပေးလိုက်ရပါတယ်။ မြေခွေးက ဂူအတွင်းကိုဝင်သွားပြီး ပြန်ထွက်လာတော့ လက်ထဲမှာ white board တစ်ချပ်ခင်ဗျ။ မြေခွေးက အဲသည့် white board ကိုတောင် ပိန္နဲပင်ကြီးရဲ့ခြေရင်းမှာ ထောင်ထားလိုက်ပြီး မေးငေါ့ပြပါတယ်။ ဖတ်ကြည့်လိုက်ဆိုတဲ့သဘောပေါ့။

"အခွန်ကင်းလွတ်ခွင့်ရသည့် သတ္တဝါများ" ဆိုပါလား။

၁။ ကျား

၂။ ကျားသစ်

၃။ ခြင်္သေ့

၄။ ဆင်

၅။ ဝံပုလွေ

၆။ မိကျောင်း

၇။ မြွေပွေး

၈။ မြွေဟောက်

၉။ စပါးကြီးမြွေ

၁၀။ ကြံ့

ဂျက်စာရင်းကို ဆုံးအောင် ဆက်မဖတ်တော့ဘဲနဲ့ မြေခွေးကို မေးခဲ့မိပါတယ်။ ဘယ့်နှာကြောင့် အဲသည့်အကောင်တွေ Tax လွတ်သလဲဆိုတဲ့ မေးခွန်းပါ။

"တချို့က အစွယ်ရှိတယ်၊ တချို့က အဆိပ်ရှိတယ်၊ တချို့က ညှို့ပြီးတော့ မျိုတတ်တယ်..." တဲ့။

mgyoe.com


mgyoe.com

ဩော်... ဂျက်တို့ လူ့လောကမှာ ပြောပြောနေတဲ့ သည်ကောင်တွေက အစွယ်နဲ့။ သည်မောင်တွေက အဆိပ်နဲ့ဆိုတာမျိုးထင်ပါရဲ့။ အစွယ်နဲ့ အဆိပ် မရှိတာကြောင့် အခွန်အတိနဲ့ ဝန်ပိနေကြရရှာတဲ့ သတ္တဝါကလေးတွေနဲ့သာ လျှင် တည်ဆောက်နေခဲ့ရသော စုံနံ့သာမြိုင်တောကြီးပါလား အရပ်ကတို့။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကမ္ဘာတိုင်မယ့် မဟာဂနိုင်

## (တစ်)

တစ်တောလုံး အုန်းအုန်းကျွက်ကျွက်ဆိုတာ ဒါမျိုးထင်ပါရဲ့။ ခြေလေးချောင်းတွေရော၊ ခြေနှစ်ချောင်းတွေရော၊ တွားသွားတွေရော၊ ရေထဲမိုးထဲမှာမှ ပျော်ပါးတဲ့အကောင်တွေရော အစုံအစုံ။ တစ်ကောင်တစ်မြီးမှမကျန် စုံနံ့သာမြိုင်ယံတစ်ခုလုံး ရုံးရုံးစုစုဖြစ်တဲ့နေ့လို့ပဲ ဆိုလိုက်ကြပါစို့ရဲ့။

"စုံနံ့သာမြိုင်… တစ်ခေတ်ဆန်းခဲ့ပါပြီ အဆွေတို့"

အဲသဟာ မြေခွေးရဲ့ မိန့်ခွန်းကို စ,စချင်းဖွင့်လိုက်တဲ့ နှုတ်ခွန်းဆက်စကားပါပဲ။ ခွေးအ,လေးငါးခြောက်ကောင်က သဘောကျလွန်းလို့ထင်ပါရဲ့။ အူလိုက်တာများဆိုတာ သံရှည်ကြီးကိုဆွဲလို့။ သြော်… စုံနံ့သာမြိုင်တစ်ခေတ်ဆန်းပြီတဲ့။ ဟုတ်ကဲ့။ အနှီစကားဟာဖြင့် မှားတော့လည်း မမှားပေဘူးပေါ့။ စုံနံ့သာမြိုင်လို တိရစ္ဆာန်တို့ ကျက်စားနေထိုင်ကြရာ တောကြီးအတွင်းကို မလှမ်းမကမ်း အရပ်တစ်ပါးဆီက လူသားဆိုသူတို့ ရောက်ရှိလို့လာခဲ့ကြပေတာကိုး။ အဲသဟာကို တစ်ခေတ်ဆန်းပြီလို့ ပြောမယ်ဆိုရင်လည်း ပြောလောက်စရာပေပေါ့။ ဟုတ်ပ။ မြေခွေးပြောတဲ့အတိုင်း တစ်ခေတ်ဆန်းပြီလို့ ဆိုလိုက်ကြပါစို့။

အဲဒီနေ့က တိရစ္ဆာန်တွေကို အုပ်စုကြီးနှစ်စုခွဲထားခဲ့တာခင်ဗျ။ တစ်စုက အသားစားသတ္တဝါများတဲ့။ တစ်စုက အသားမစားသတ္တဝါများ။ အဲနီးမဲ

mgyoe.com

mgyoe.com


စတုဒိသာဆိုလား ဘာဆိုလား။ ကိုယ်ကြိုက်တာ ကိုယ်စား။ အသားစား သတ္တဝါများအတွက်က တောဝက်သား၊ အမဲသား၊ ဂျီသား၊ ဆတ်သား၊ ဒရယ်သား၊ သမင်သား၊ ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုးနဲ စုံနေလိုက်ပုံများ။ အသားမစားတဲ့အကောင်တွေအတွက်ကတော့ ငှက်ပျောသီး၊ သဘော်သီး၊ သရက်သီး၊ ပိန္နဲသီး၊ မာလကာသီး၊ ကြံ၊ ကန်စွန်းရွက်၊ မြက်၊ စပါး၊ ဂျုံ၊ မုန်လာ၊ မုန်ညင်း၊ ပုတတ်စာနဲ့ ငရုတ်သီးကလေးများတောင် ပါဝင်ပါသဗျ။ ကြိုက်တဲ့တိရစ္ဆာန်လာ၊ အဝစား၊ အဲနီးမဲ စတုဒိသာ။

အဲဒီ အဲနီးမဲ စတုဒိသာပွဲကြီးမှာ မြေခွေးက မိန့်ခွန်းမြွက်ကြားတာပါ။ စုံနံ့သာမြိုင် တစ်ခေတ်ဆန်းခဲ့ပါပြီတဲ့။ တောရဲ့ဦးသျှောင် မြေခွေးမောင် စ,စချင်း ပြောလိုက်တဲ့စကားပေါ့။

အဲနီးမဲ စတုဒိသာပွဲကြီးကို ဂုဲချီးဆင်ယင်ကျင်းပပေးတာက မလှမ်း မကမ်း အရပ်တစ်ပါးဆီက လူတွေ။ အသားဝါဝါနဲ့။ နှာခေါင်းတိုတိုနဲ့။ မျက်လုံးပိတ်ပိတ်နဲ့။

သူတို့က သစ်တောနဲ့ သစ်တောထွက်ပစ္စည်း ရောင်းဝယ်ဖောက်ကား ရေးလုပ်ငန်းအတွက် တစ်တောလုံးကိုလေလံဆွဲထားတဲ့လူတွေကိုး။ အဲသမှာ အနီးလူတွေက တောတွင်းတိရစ္ဆာန်နဲ့ လူတို့ အပြန်ပြန်အလှန်လှန် ကူးလူး ဆက်ဆံ ရောင်းဝယ်ဖောက်ကားမှု မြန်ဆန်စေရန်ဟူသောအလို့ငှာ စုံနံ့သာ မြိုင်တောကြီးကိုဖြတ်ကာ လမ်းမကြီးတစ်ခု ဖောက်ပေးချင်ပါသဗျာဟု အကြံ ပြုတိုက်တွန်းလာသောအခါ မြေခွေးက သူ့အနားမှာ ဝန်းရံခနေတဲ့ ဝံပုလွေ များ၊ ခွေးအ,များ၊ ကမ္ဘာလိပ်ကြီးများ၊ ကျားများ၊ ဆင်များ၊ ခြသေ့်များနဲ့ ဆွေးနွေးနှီးနှောကြည့်လိုက်တဲ့အခါ ဒါဟာ တိရစ္ဆာန်လောက တစ်ခေတ်ဆန်း ဖို့ဖြစ်လာတာပဲဆိုတဲ့အဖြေကို ရကြသဗျ။ တိုတိုပြောရရင် စုံနံ့သာမြိုင်တော ကြီးကိုဖြတ်ကာ လမ်းဖောက်ကြစေဆိုပါတော့။ အဲသမှာ လောကဓာတ် တစ်ဝန်းမှာဖြင့် တောတစ်ဇာတ်ဆန်းလေပြီဆိုတဲ့ အထိမ်းအမှတ်နဲ့ အဆိုပါ လူသားတို့က အကုန်အကျခံပြီး အဲနီးမဲစတုဒိသာ တည်ခင်းဧည့်ခံကျွေးမွေး တာပါတဲ့ခင်ဗျ။

အနီပွဲမှာ တည်ဆဲခေါင်းဆောင်ကြီး မြေခွေးက မိန့်ခွန်းမြွက်ဟခဲ့လေ တာပါ။ ဘာတဲ့... အခုနပြောခဲ့ပြီးပါပြီ။ မိန့်ခွန်းကို စတင်လိုက်ပုံက လှလိုက်

mgyoe.com

mgyoe.com

တဲ့စကား။ စုံနံ့သာမြိုင်တစ်ခေတ်ဆန်းခဲ့ပါပြီဟူလို။

(နှစ်)

"ပတ္တမြားကိုဖြင့် ရွှေကွပ်ခဲ့လေပြီ" တဲ့။

သည်မှာ ဘက်နှစ်ပိုင်းတွေထဲမှာ မြေခွေး တော်တော့်ကို စကားတတ်လာတာကိုး။ အခုလည်းကြည့်။ မိန့်ခွန်းအစမှာ မြွက်ဟလာပုံက ရိုးရိုးစင်းစင်းကြီးမဟုတ်။ အဆင်တန်ဆာနဲ့၊ အလင်္ကာနဲ့။ ပတ္တမြားကို ရွှေနဲ့ ကွပ်ပြန်ပြီဆိုလား။ မြေခွေးမိန့်ခွန်းပြောနေတဲ့ သစ်တုံးကြီးရဲ့ ပတ်ပတ်လည်မှာက လူတွေလူတွေ။ လက်နက်ကိုယ်စီနဲ့။ အယောက်လေးငါးခြောက်ဆယ် တစ်ရာဝန်းကျင်တော့ ရှိမယ်ထင်ပါရဲ့။

"ဘယ်တုန်းကမှ မရရှိဖူးတဲ့ လုံခြုံသမှုကို ကျွန်ုပ်တို့တောကြီး ရရှိခဲ့ပါပြီ အဆွေ တိရစ္ဆာန်အပေါင်းတို့။ တိရစ္ဆာန်နဲ့ လူသား လွယ်ကူစွာ ရောင်းဝယ်ဖောက်ကားနိုင်ရန်အလို့ငှာ တောကိုဖြတ်ပြီး လူ့ရွာဆီ လမ်းဖောက်ပေးခဲ့ကြတဲ့ ကျေးဇူးရှင် မဟာလူသားတို့က လမ်းကို အန္တရာယ်ရန်စွယ် မကျရောက်နိုင်စေရန်အလို့ငှာ လက်နက်အစုံအလင်နဲ့ လမ်းကို လုံခြုံရေးဆောင်ရွက်ပေးပါတော့မယ်တဲ့ခင်ဗျ။ အဲသဟာကြောင့် ကျွန်ုပ်က တင်စားလိုက်ချင်ပါရဲ့။ ပတ္တမြားကို ရွှေကွပ်ခဲ့ပြီ မဟုတ်တုံသလော... မဟာ့မဟာ အဟိတ်တိရစ္ဆာန်အပေါင်းတို့"

မြေခွေးမင်း မိန့်ခွန်းမြွက်ဟလို့အပြီး နောက်တစ်ရက်က စလို့ စုံနံ့သာမြိုင်ကို အူကြောင်းတည့်တည့်ကနေ ဖြတ်သွားတဲ့ လူနဲ့တိရစ္ဆာန် အမြန်လမ်းမကြီးတစ်လျှောက်မှာ လူလက်နက်ကိုင်တွေ ဖွေးဖွေးလှုပ်လို့။ ပတ္တမြားကို ရွှေကွပ်ခဲ့လေပြီထင့်။

(သုံး)

"ရှင်ဘုရင့်ပုဆိုးနှယ် ပိုးတွေချည်း ဖြစ်ကုန်ပါရော့"

မြေခွေးကဖြင့် သူ့တောကို သူညွှန်းလို့ကို မပြီးနိုင်တော့ပါဘူး။ တစ်ခေတ်ဆန်းပြီလို့ပြောလိုက်၊ ပတ္တမြားကို ရွှေကွပ်ပြီလို့ပြောလိုက်၊ ရှင်ဘုရင့်ပုဆိုးလို ပိုးတွေချည်းဖြစ်ကုန်ပြီလို့ ပြောလိုက်။

mgyoe.com

mgyoe.com

အသားဝါဝါ၊ နှာခေါင်းတိုတို၊ မျက်လုံးပိတ်ပိတ်နဲ့ ကျေးဇူးရှင်လူသားတို့ ဖောက်ပေးထားတဲ့ လမ်းကြီးပေါ်ကနေ သစ်ပင်၊ သစ်လုံး၊ သစ်သား၊ သစ်ချောင်း၊ ဆင်စွယ်၊ ကျားသစ်အရေခွံ၊ ကျားရိုး၊ စပါးကြီးသည်းခြေ၊ မိကျောင်းအရေခွံ၊ ပျားရည်၊ ငှက်သိုက်၊ တောသား၊ တောင်သား လွတ်လွတ်လပ်လပ်ကြီး စီးဆင်းသွားနေလိုက်ကြရုံသာမက စုံနံ့သာမြိုင်ရဲ့ စီးပွားရေးကို အဘယ်သူတစ်ယောက်ကမှ မနှောင့်ယှက်နိုင်ရန်အလို့ငှာ လမ်းရဲ့ လုံခြုံရေးကိုပါ ယူပေးထားရုံနဲ့မပြီး။ မြေခွေးရဲ့လုံခြုံမှုနဲ့ တောရဲ့လုံခြုံမှုအတွက်ကိုပါ အထူးလူသားတပ်ဖွဲ့များနဲ့ ဝန်းရံစောင့်ရှောက်ပေးပါရစေလို့ တောင်းဆိုလာပြန်တဲ့အခါ စုံနံ့သာမြိုင်တောကြီးဟာ ရှင်ဘုရင့်ပုဆိုးလို ပိုးတွေချည်းဖြစ်ကုန်လေပြီလို့ မြေခွေးမင်းပြုံးပြုံးကြီးနဲ့ မြွက်ဟလာခဲ့ပြန်လေတာပါ။

အဲ... စုံနံ့သာမြိုင်ကို လုံခြုံစိတ်ချရအောင် အစောင့်အရှောက်ပေးတော်မူပါလို့ လူသားတို့ထံ မြေခွေးမင်းအပ်နှံသောနေ့ကလည်း အဲနီးမဲစတုဒိသာပွဲကြီးတည်ခင်းပြီး လူတွေက တိရစ္ဆာန်တွေကို ကျွေးကြသေးသဗျ။

(လေး)

အခုဆို စုံနံ့သာမြိုင်ကနေ လူတွေဆီသွားတဲ့လမ်းမှာ ကားအစီးစီးက မတရားတဝိုးဝိုးရယ်ပေါ့။ လက်နက်ကိုင်လူတွေကလည်း တောလုံးရယ်မှ အနံ့ရယ်သာပါ။

အဲနီးမဲစကူးလ် (Animal School) ကလေးတစ်ခုရှေ့ကနေ ဖြတ်လျှောက်မိတော့ တိရစ္ဆာန်ကလေးတွေ သီချင်းသံပြိုင်သီဆိုနေကြလေသဗျ။ ကမ္ဘာမကျေနဲ့ ခပ်ဆင်ဆင်ရယ်ပါ။

"ကမ္ဘာတိုင်...
မဟာဂနိုင်
တို့ဘိုးဘွားအမွေတောမို့
တို့သာပဲဆိုင်...
တို့တောကို
တို့သဘောနဲ့
တို့နေမယ်အပိုင်" တဲ့။


mgyoe.com

သြော်... တိရစ္ဆာန်ကလေးတွေ။ သီချင်းထဲမှာဖြင့် အားနဲ့ မာန်နဲ့ပါပဲ ကလား။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ၃၉၉၉၉၉၉ ကျပ် ၉၉ ပြားအထိ ရှိးသားတဲ့ တိရစ္ဆာန်များ

(တစ်)

"လာဘ်ပေး၊ လာဘ်ယူ တို့များရန်သူ" တဲ့။ စုံနံ့သာမြိုင်တစ်တောလုံးမှာဖြင့် အဲသည့်စာသားရေးထိုးထားတဲ့ ဆိုင်းဘုတ်ကြီးတွေ ဖွေးဖွေးလှုပ်ကာ နေခဲ့ပြန်ပါချေပြီတမုံ့။ ဟုတ်သဗျ။ တောင်ပိန္နဲပင်ကြီးမှာလည်း ယင်းအနှီ ဆိုင်းဘုတ်။ ကျွန်းပင်ကြီးမှာလည်း ယင်းအနှီဆိုင်းဘုတ်။ လက်ပံပင်ကြီးမှာလည်း ယင်းအနှီဆိုင်းဘုတ်။ ညောင်မုတ်ဆိတ်ပင်ကြီးမှာလည်း ယင်းအနှီဆိုင်းဘုတ်။ မဟော်ဂနီပင်ကြီးမှာလည်း ယင်းအနှီဆိုင်းဘုတ်။ ခရေပင်ကြီးမှာလည်း ယင်းအနှီဆိုင်းဘုတ်။ သက်န်းပင်ကြီးမှာလည်း ယင်းအနှီဆိုင်းဘုတ်။ ပိတောက်ပင်ကြီးမှာလည်း ယင်းအနှီဆိုင်းဘုတ်။

ဩော်... သမိုင်းသရုပ်ကို ဆိုင်းဘုတ်တွေနဲ့သာ ကောက်ချက်ဆွဲကြရမယ်ဆိုရင်ဖြင့် စုံနံ့သာမြိုင်တောကြီးဟာ လာဘ်ပေးလာဘ်ယူမှု ပပျောက်ကင်းစင်ရေးကို အလေးထားဆောင်ရွက်၍ နေပေသော ဧရာမတောကြီးတစ်တောရယ်လို့ သမိုင်းတင်ရပေတော့အံ့ချေပြီတမုံ့။

အင်္ဂလိပ်ဘာသာ အလိုအားဖြင့် ကော်ရပ်ရှင် (Corruption) ဟုဆိုဘိချေသော လာဘ်ပေး၊ လာဘ်ယူမှုတွေဟာ စိမ်အုပ်ချုပ်မှုညံ့ဖျင်းချေတဲ့ လူ့အဖွဲ့အစည်းတွေအတွင်းမှာ လှိုက်လှိုက်ပြီး စားနေလေတဲ့အတွက် လူသားတို့ မှီတင်းနေထိုင်ကြတဲ့ မနုဿကမ္ဘာကြီးအတွင်းမှာဖြင့် ခြစားမှုတိုက်ဖျက်

mgyoe.com

mgyoe.com

ရေးဆိုတာကြီးကို စိမ်ကိန်းတွေချပြီးတော့ကို လုပ်ကိုင်ဆောင်ရွက်နေကြရတာပါ။ နိုင်ငံတစ်နိုင်ငံဟာ ဘယ့်နှာလောက် နေချင့်စဖွယ်ကောင်း၊ မကောင်းဆိုတာကိုတိုင်းတာတဲ့ ပေတံတွေထဲမှာ လာဘ်ပေး၊ လာဘ်ယူမှု ဘယ့်နှာလောက်ကင်း၊ မကင်းဆိုတဲ့စံကလည်း ပေတံတစ်ချောင်းအဖြစ် ပါဝင်နေချေသပေါ့ အရပ်ကတို့ရယ်။

အခုမြေခွေးက ယင်းအနှိဥစ္စာကို သဘောကျနေပုံရပါတယ်။ အဟိတ်တိရစ္ဆာန်တို့ စုဝေးနေထိုင်ကြရာ တောကြီးမဟာစုံနံ့သာမြိုင် ဖြစ်ဘိချေသော်လည်း လူယဉ်ကျေးတို့ရဲ့ အရပ်ဒေသသဖွယ် လာဘ်ပေး၊ လာဘ်ယူမှုမရှိအောင် လုပ်ဆောင်နေပါတယ် ခင်ဗျဆိုတဲ့ အင်ဖော်မေးရှင်း (information) မျိုးကို ပေးချင်တယ်ထင်ပါ့။

အခုကြည့်လေ။ မဆွက ဂျက်ပြောခဲ့တဲ့အတိုင်းပါပဲ။ "လာဘ်ပေး၊ လာဘ်ယူတို့များရန်သူ" တဲ့။ စုံနံ့သာမြိုင်တစ်တောလုံးမှာ ဖုံးလွှမ်းနေတဲ့ ဆိုင်းဘုတ်ကြီးတွေ။ ကလီးယားဂျန်းဂဲလ် (clear jungle) ဖြစ်အောင် တွန်းတင်တော့မယ်ထင်ပါရဲ့။

## (နှစ်)

တိရစ္ဆာန်တွေရဲ့လောကမှာ အကောင်ကြီးနဲ့ အကောင်ငယ် တစ်ကောင့်တစ်ကောင် လေးစားသမှုရယ်ကြောင့် အသားရှိသူက အသားလာပေး၊ အသီးရှိသူက အသီးလာပေး၊ အရွက်ရှိသူက အရွက်လာပေးနဲ့မို့ ဂနိုင့်ယဉ်ကျေးမှုသဖွယ် တည်တံ့ခိုင်မြဲနေခဲ့တဲ့ အစဉ်အလာကြီးရှိထားကြောင်းကို ကောင်းကောင်းကြီး ရိပ်စားမိလေတဲ့ ဂျက်ကွမ်းခြံကုန်းက မြေခွေးနဲ့တွေ့ဆုံစဉ်အခိုက်မှာ ဖြစ်ပါ့မလားလို့ မေးကြည့်ရပါတယ်။

"အဆိပ်မရှိတဲ့ အကောင်က အဆိပ်ရှိတဲ့အကောင်ကို ဝေစုခွဲပေး၊ အစွယ်မရှိတဲ့အကောင်က အစွယ်ရှိတဲ့အကောင်ကို ဝေစုခွဲပေး၊ အကောင်ညက်တဲ့ သတ္တဝါက အကောင်ထွားတဲ့သတ္တဝါကို ဝေစုခွဲပေးလုပ်လေ့ရှိတဲ့ အဆွေမြေခွေးမင်းရဲ့ တောထဲမှာ တစ်ကောင့်တစ်ကောင်ဘဏ္ဍာမှ မပေးကြရဘူးလို့ အနို့ကလို အမိန့်ထုတ်ပြန်လိုက်ခြင်းကို တချို့အကောင်တွေက မတုံ့မပြန်နဲ့ ငုံ့ခံကြပါ့မလား အဆွေမြေခွေးရဲ့"

mgyoe.com

mgyoe.com


မြေခွေးက ခေါင်းတဆတ်ဆတ်ညိတ်ပါတယ်။ ပြုံးလည်း ပြုံးပါတယ်။ ဝေစုဆိုတဲ့စကားကို မသုံးပါနဲ့လား ဆရာကြီးဂျက်ရယ်တဲ့။ ဒါဆို ခွဲတမ်းလားလို့ဆိုတော့လည်း အဲသည်အနှီခွဲတမ်းဆိုတဲ့စကားကိုလည်း ရှောင်ပါတဲ့။ လာဘ်ပေး၊ လာဘ်ယူဆိုတာကိုဖြင့် ယောင်လို့မှ မသုံးပါလေနဲ့တဲ့။ ဂျက်ခေါင်းထဲမှာ လူတွေ သုံးသုံးနေကြတဲ့ ဩကာသဆိုတာလေး ဖျတ်ခနဲ သတိရသွားမိပြီး "အဲ... ဩကာသလို့ သုံးပါလား ကိုမြေခွေးရဲ့" လို့ အကြံပြုမိတော့ ဩကာသဆိုတာ ဘဇာအဓိပ္ပာယ်ဆိုတာမှန်းကို ပုရွက်ဆိတ်ခေါင်းကြီးတွေကတောင် သဘောပေါက်နေတယ် ဆရာကြီးဂျက်ရဲ့တဲ့။ ဟဲဟဲဆို ရယ်နေလိုက်သေး။

"အမှန်က တိရစ္ဆာန်တို့ဘာသာဘာဝ ကိုယ်ရတဲ့ အသားကလေးများ ကိုယ်ရတဲ့အသီးကလေးများကို သိတတ်မှုနဲ့ သွားပေးပြီး တစ်ကောင့်အရိပ်အောက်ကို တစ်ကောင်က ဝင်ကြရင်းနဲ့ မှီခိုတဲ့အားထားတဲ့သဘောပါ"

"ဒါဆို ဝင်ကြေးဆိုတဲ့စကားလုံးက မလှဘူးလား ကိုမြေခွေး"

"ဟာဗျာ ကောင်းလိုက်တဲ့ စကားလုံး ဆရာကြီးဂျက်ရာ။ ဝင်ကြေးတဲ့ တောနဲ့ လိုက်ဖက်ညီလိုက်တဲ့စကားလုံးဗျာ။ ဟုတ်တယ်၊ တစ်ကောင့်ဆီကို တစ်ကောင်ကဝင်တဲ့ ကြေး၊ ဝင်ကြေး"

ဂျက်က ဂျက်ခေါင်းထဲမှာ ဖျတ်ခနဲပေါ်လာတာကလေးကို ပြောချ၊ မြေခွေးက ချက်ချင်းလက်ငင်း သဘောကျ။ ဝင်ကြေးဆိုတဲ့စကားလုံး။

"စုံနံ့သာမြိုင်တောအတွင်း၌ လက်ဆောင်ပေးခြင်း၊ ဝေစုပေးခြင်း၊ ခွဲတမ်းပေးခြင်း၊ ဩကာသခြင်း စသည့် လာဘ်ပေး၊ လာဘ်ယူမှုများမလုပ်ရန် ပြင်းထန်စွာ သတိပေးလိုက်သည်။ အနို့သော် တစ်ကောင့်ထံသို့ တစ်ကောင်က ဝင်ရောက်သောအခါ သိတတ်မှုအနေနဲ့ ဝင်ကြေးမှုပေးခွင့်ရှိသည်"

အဲဒါ စုံနံ့သာမြိုင်တောအတွင်းမှာ မြေခွေးမင်း ထပ်ဆင့်ထုတ်ပြန်ခဲ့တဲ့အမိန့်ပါ။

ခွဲတမ်းမရှိတဲ့ တော။ ဩကာသမရှိတဲ့တော။ လက်ဆောင်မရှိတဲ့တော။ ဝေစုမရှိတဲ့တော။ လာဘ်ပေး၊ လာဘ်ယူမရှိတဲ့တော။ ဝင်ကြေးဆိုသည်ကလေးမျှသာဆိုလား။

mgyoe.com

mgyoe.com

(သုံး)

"ဝင်ကြေးကြောင့် ရင်မအေးဖြစ်ကြရပါချေပြီ ဆရာကြီးဂျက်" တဲ့။

အဲသဟာ သမင်ကလေးတစ်ကောင်နဲ့ စမ်းချောင်းရေစပ်စပ်ကလေးဆီမှာ တွေ့ကြရစဉ် ကြားခဲ့ရတဲ့စကားပါ။

"အနို့... လာဘ်ပေး၊ လာဘ်ယူမှုကို တောတွင်းမှာ တိုက်ဖျက်ပြီးတဲ့ သကာလ တစ်ကောင့်ဆီကို တစ်ကောင်ဝင်တဲ့အခါ ခင်မင်မှုအရ ပေးတဲ့ ဝင်ကြေးကလေးမျှကိုသာ ပေးကြရ၊ ယူကြရမယ်လို့ အမိန့်ထုတ်ပြန်လိုက်တာဟာ မကောင်းဘူးလား အဆွေသမင်ရယ်"

အဲဒါက ဂျက်ရဲ့အမေးပါ။ သမင်ငယ်ပြန်ဖြေပုံက "ခက်တယ် ဆရာကြီး ဂျက်၊ အခုဟာက တောထဲမှာ ငွေအသပြာလေးသိန်းတိတိအထက်တန်တဲ့ ပစ္စည်းများကိုပေးရင် လာဘ်ပေး လာဘ်ယူလုပ်တယ်လို့ သတ်မှတ်မယ်ဆိုလား။ အဲသည့်အောက်ဆိုရင်တော့ အပြစ်မရှိဘူး ဝင်ကြေးလို့ သတ်မှတ်မယ်လို့ အမိန့်ထုတ်ပြန်လိုက်တာလေ"

"အဲသည်တော့ ဘာဖြစ်"

"အဲသည်တော့ ဘာဖြစ်သလဲဆိုတော့ ဂျက်ဆရာရယ်၊ အဆိပ်နဲ့ အကောင်ကြီးတွေ၊ အစွယ်နဲ့အကောင်ကြီးတွေ၊ ဦးချိုနဲ့ အကောင်ကြီးတွေဆီကို ဝင်တဲ့အခါ ငှက်ပျောသီးပဲဝယ်ပေးပေး၊ ကြံပဲပေးပေး၊ မုန်လာဥပဲပေးပေး၊ သားငါးပုစွန်ပဲပေးပေး အရင်ကလို ကိုယ် နိုင်သလောက်ပေးလို့မရတော့ဘူးဗျ။ သုံးသိန်းကိုးသောင်းကိုးထောင်ကိုးရာ ကိုးဆယ့်ကိုးကျပ်နဲ့ ကိုးဆယ့်ကိုးပြားဖိုး ပေးကြရသဗျ။ လေးသိန်းဖိုးရှိမှ လာဘ်ပေး၊ လာဘ်ယူဖြစ်တယ်ဆိုတာကိုး။ တချို့တိရစ္ဆာန်ကလေးတွေများဆိုရင် သုံးသိန်းကိုးသောင်းကိုးထောင်ကိုးရာကိုးဆယ့်ကိုးကျပ် ကိုးဆယ့် ကိုးပြားဖိုးကို အကြိမ်ကြိမ်အခါခါ ဝင်ကြေးပေးကြရပါလေသတဲ့။ ဟိုးယခင်တုန်းကမှ ငှက်ပျောသီးကလေး လေးငါးလုံး၊ ကြံကလေးလေးငါးပင်၊ အသားကလေးသုံးလေးပိဿာ၊ ငါးကလေး လေးငါးခြောက်ကောင်နဲ့ လာဘ်ပေးလို့ရခဲ့သေးတယ်။ အခုလာဘ်ကိုတိုက်ဖျက်ပြီး ချစ်ခင်မှုအရ ဝင်ကြေးပဲပေးနိုင်ပြီဆိုမှ သောကတိုးကာ တောအလှညှိုးပါပေါ့"

သမင်ကလေးရဲ့စကားမှာ ဂျက် ရင်လေးသွားခဲ့ရတာများ။ မြေခွေးနဲ့


mgyoe.com

တွေ့ရင် ပြောဦးမှပါ။ ဝင်ကြေးဆိုတဲ့စကားလုံးကို ပြင်ဦးမှပါလို့။ ပြီးတော့ လေးသိန်းဖိုးသတ်မှတ်ထားတာကို ၃၉၉၉၉၉ ကျပ် ၉၉ ပြားဖိုးဆိုတာမျိုး အတိအကျမလုပ်ကြဖို့။ ဘယ့်နှယ်။ တစ်မတ်ငါးမူးပြားကိုးဆယ်ဖိုးဆိုတာ မျိုးလောက်တော့ ခွာထားဦးမှပေါ့။ တိရစ္ဆာန်ဖြစ်ပြီး တိကျနေလိုက်ကြတာ။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# တစ်တောလုံးကတော့ ရွှဲရွှဲကိုစိုပါလေရော

## (တစ်)

လူတွေလုပ်သမျှ တုပကာ လိုက်လိုက်ပြီးလုပ်လေ့ရှိကြတဲ့ စုံနံ့သာမြိုင်တောကြီးထဲမှာ အခုလည်းကြည့် နှစ်ကူးသဘင်ဆင်နွှဲချင်လို့ဆိုလား ဘာဆိုလား။ ထုံးစံအတိုင်းပေါ့။ မြေခွေးမင်းက ဂျက်ကွမ်းခြံကုန်းကို ပြောတာ။

"နှစ်ကူးရင် အဓိကအနေနဲ့... ဘဇာလုပ်ကြသတုံးဗျ"

"တစ်ယောက်ကိုတစ်ယောက် ရေတွေနဲ့ လောင်းကြသပေါ့ အဆွေမြေခွေးမင်းရယ်"

"ပျော်စရာကြီးနေမှာပဲနော် ဟားဟား"

ဂျက်ကွမ်းခြံကုန်းရဲ့အဖြေကိုကြားတော့ မြေခွေးက တဟားဟားရယ်ရင်း ကောက်ချက်ချပါတယ်။ စုံနံ့သာမြိုင်တောကြီးထဲမှာ အတာရေသဘင်ဆင်နွှဲဖို့ကိုလည်း ဆုံးဖြတ်ချက်ချလိုက်ပုံရပါရဲ့။ အဟိတ်တိရစ္ဆာန်တို့ စုပေါင်းနေထိုင်ကြရာ တောကြီးရာဇာ ဖြစ်ဘိလင့်ကစား Happy New Year နဲ့ ဘာနဲ့ ယဉ်ကျေးဖွယ်ရာရှိပါတယ်ခင်ဗျား ဆိုတဲ့ပုံရိပ်ကို လူသားတို့ကမ္ဘာက မြင်လာအောင် ပြချင်ပုံရတယ်ထင်ပါရဲ့။

"ရေနဲ့ပက်ကြ လောင်းကြတယ်၊ ဥပုသ်သီလစောင့်ကြတယ်၊ လှူကြတန်းကြ၊ တိရစ္ဆာန်တွေ ဘေးမဲ့ပေးကြ၊ ငါးလွှတ်ကြ မကောင်းဘူးလားအဆွေမြေခွေးရဲ့"

mgyoe.com

 mgyoe.com 

မြေခွေးက ခေါင်းတဆတ်ဆတ်ညိတ်ပါတယ်။ ပြီးတော့ ဆက်မေးတာက လူတွေမှာ နှစ်သစ်ကူးကြပုံတွေက အတူတူပဲလားခင်ဗျတဲ့။ ဂျက်က ပြောရတာပေါ့။ ဘယ့်နှာသို့ တူနိုင်မတုံးဗျာလို့။ တရုတ်တွေ နှစ်သစ်ကူးပုံကတစ်မျိုး၊ ခရစ်ယာန်ဘာသာဝင်တွေ နှစ်သစ်ကူးတာက တစ်မျိုး၊ ကရင် နှစ်သစ်ကူးကတစ်မျိုးလို့။

"ကျွန်ုပ်ကတော့ အဆွေဆရာကြီးဂျက်တို့ရဲ့ နှစ်ကူးကို ကြိုက်သဗျာ။ နွေကြမ်းကြမ်းမှာ ရေချမ်းချမ်းကလေးနဲ့"

အဲသဟာ မြေခွေးရဲ့သုံးသပ်ချက်ပါ။ ဩော်... လောကဓာတ်စနစ်ထူးပြီဟဲ့ တောအရပ်နှစ်ကူးရန် ကြံခဲ့ပါလေပြီတမုံ့။

(နှစ်)

ထပ်ထပ်သာ စောတော့တယ်
မြကြောငယ်ရစ်သီ
ကိုက်ဖူးငယ်စီသည်
ပွင့်သီဂီရွှေရင်ခတ်ကယ်တို့
ရှစ်ရပ်ကယ်နယ်တစ်ခိုက
စိုလှတယ်လေး။
နွေခါမိငယ်
ရာသီမိသြ
ဂိမှာန်နမို့
စိတ်ကြွယ်
တိမ်မိုးလယ်မှာ
စံပယ်ကွန့်ကာ
တိမ်ဘွေချာဝယ်
ဒေသစာလုမ်း
လှည့်လည်ငယ်မြန်းလို့
နှစ်ဆန်းငယ်သင်္ကြန်
သစ်သစ်သာဖန်တော့တယ်

mgyoe.com

mgyoe.com


နိုင်ငံကြော့ပြည်သူမှာ
ပန်ဆုယူ တာရေသွန်းချိန်မို့
လွမ်းလှတယ်လေး

တာသကြိန်ကိုဖွဲ့ထားတဲ့ ကုန်းဘောင်ခေတ်စာဆို မဟာအတုလမင်းကြီးရဲ့ လွမ်းချင်းကလေးပါ။ အဲသဟာကို ဂျက်ကွမ်းခြံကုန်းက ရွတ်ပြတော့ မြခွေးမျက်လုံးကလေးကိုမှ မေးလို့။ ကဗျာကို ကြိုးစားပြီး နားထောင်နေလိုက်တာ။ လတန်ခူးမှာ ရင်ခတ်ပန်းတို့ပွင့်ကြတာ၊ ရာသီက မိဿ၊ ထွန်းတဲ့ နက္ခတ်က စိတြ။

"သစ်သစ်သာ ဖန်တော့တယ်ဆိုတဲ့ စာသားက ကဗျာရဲ့အသက်ပဲ အဆွေမြခွေးရယ်"

"အနို့... အဓိပ္ပာယ်ကလေးတော့ လင်းဦးမှပေါ့ ဆရာကြီးဂျက်ရဲ့။ သစ်သစ်ဖန်တယ်ဆိုတာ ဘဇာတုံးဗျာရယ်"

သည်တော့မှ ဂျက်က ရှင်းရပြန်တာပါ။ သကြိန်ဆိုတဲ့စကားလုံးဟာ သင်္ကန္တကလာကြောင်း၊ အဲသည့်အနီစကားလုံးဟာ သင်္ကတစကားလုံး ဖြစ်ကြောင်း၊ အဓိပ္ပာယ်က ကူးပြောင်းခြင်းလို့ရကြောင်း၊ အနို့ကြောင့် အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးသစ်၊ စိတ်သန်းသစ်၊ အိပ်မက်သစ်၊ အဝတ်အစားသစ်၊ အစားအသောက်သစ်၊ တိုက်သစ်၊ တာသစ်၊ မြို့သစ်၊ ရွာသစ်၊ လမ်းသစ်၊ တံတားသစ်တွေနဲ့ ရှေ့သို့ ချီတက်ကြရပါကြောင်း အားရပါးရကို ရှင်းပြထည့်လိုက်တာပါ။

"အနို့... အိုဗမာပြောတဲ့ ချိန်းဆိုတာမျိုးလား"

"အိုဘားမား (Obama) ပါ အဆွေမြခွေးရဲ့... ချိန်း (Change) တဲ့။ ဟုတ်ပါတယ်။ ချိန်းရှေ့ကိုရောက်ချင်ရင် အဟောင်းကို အသစ်နဲ့ချိန်းကျပ်တို့ရဲ့ ကူးပြောင်းခြင်းဆိုတဲ့အဓိပ္ပာယ်မျိုးပါပဲ"

မြခွေးမင်း ဘဝင်ကျနေလိုက်ပုံများ။ သင်္ကန္တဆိုတဲ့ ကူးပြောင်းခြင်းဟာလည်း ကောင်းတယ်တဲ့။ စီအိပ်ချ်အေအင်န်ဂျီအီး (Change) တာလည်း ကောင်းတယ်တဲ့။ တောမှာလည်း သကြိန်ကျပစ်မယ်တဲ့။ နှစ်ကိုလည်း ကူးပစ်မယ်တဲ့။

လူတွေနဲ့ ဘာကွာလို့လဲ။ လူ့သကြိန်အပြီးမှာ ရှိလှ လေးငါးရက်ပေါ့။

mgyoe.com

mgyoe.com


စုံနံ့သာမြိုင်ထဲမှာ သကြံန်ကျပစ်လိုက်ပုံများ။ တစ်ကောင်တစ်ကောင် ပက်လိုက်ကြစမ်းဆိုတာ တစ်တောလုံးကို ရွှဲနစ်လို့။ ရေမြင်းတွေ ခိုက်ခိုက်တုန်ပြီး ဖျံကလေးတွေ မေးရိုက်ကြတဲ့ တောသကြံန်ပွဲဆိုပါတော့။

(သုံး)

"အနို့... အဆွေမြေခွေး သစ်သစ်သာ ဖန်တော့တယ်ဆိုတဲ့ စကားနဲ့ အညီ စုံနံ့သာမြိုင်တစ်ခုလုံး ချိန်း (Change) လိုတဲ့ဆန္ဒရော ရှိတယ်မဟုတ်လား"

ဂျက်ကွမ်းခြံကုန်းက မေးတော့ မြေခွေးမင်းက ခေါင်းညိတ်ပါတယ်။

"အဲသဟာကို ကျုပ်က ဆရာကြီးဂျက်နဲ့ တိုင်ပင်နှီးနှောချင်နေတာပါ။ ဘဇာကစလို့ ချိန်း (Change) ရမတုံးဗျာ ကဲ... ပြော"

တကယ့်ကို သိလိုတဲ့ဖောနဲ့ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး မေးလာတဲ့ မြေခွေးရယ်ကြောင့် ဂျက်က တော်တော့်ကို စဉ်းစားပြီးမှ ခပ်ဖြည်းဖြည်း ဖြေရတာပါ။

"တောကို စိုးမိုးထားတဲ့ မြေခွေးတို့ကအစ ချိန်းရမှာပါ"

"အိုး... အဲဒါဆို ကသောင်းကနင်းတောက မြောင်းအတွင်း မျောသွားတော့မှာပေါ့ အဆွေဂျက်ရဲ့"

ဦးသျှောင်မြေခွေး ဆတ်ဆတ်ကို ခါသွားတော့တာပါ။ လည်ဆံမွေးကြီးတွေတောင်မှ ထောင်လို့။

"ဒါဆို... သစ်သစ်သာ မဖန်တော့ဘူးဆိုပါတော့... ဟုတ်လား"

"ဖန်မှာပေါ့ ဆရာဂျက်ရယ်၊ သစ်သစ်တော့ ဖန်မှာပေါ့။ အနို့သော်... သစ်သစ်ဖန်တဲ့အထဲမှာ မြေခွေးမင်းတို့ကိုတော့ မထည့်သေးဘူးပေါ့ဗျာ"

မလှမ်းမကမ်းဆီမှာကတော့ တိရစ္ဆာန်ကလေးတွေ ပြေးကြ၊ လွှားကြ၊ အော်ကြ၊ ဟစ်ကြတဲ့အသံနဲ့အတူ ဝေါခနဲ၊ ဝုန်းခနဲ ရေသံကြီးတွေကိုပါ ကြားနေရလေသဗျ။ လူတွေကို အားကျကာ တစ်နှစ်ကူးတဲ့ ပွဲတော် ကျင်းပနေကြလေသတဲ့။ အပင်တိုင်းအပင်တိုင်းမှာ ပုရစ်ဖူးပြီး နှစ်ကူးခဲ့ပေမယ့် မြေခွေးက သူတို့ကို ချန်ထားပြီး သစ်သစ်ဖန်ကြပါတဲ့။ သူတို့မပါဘဲ တစ်တောလုံး ချိန်းပါတဲ့။

mgyoe.com

mgyoe.com

ဟော... တိရစ္ဆာန်တစ်ကောင်က လမ်းပေါ်မှာ မူးရူးလို့။ တိရစ္ဆာန် လေးငါးကောင်က ခေါင်းကြီးတွေ ငိုက်စိုက်ချကာ ကပြလို့။ ...

အင်းလေ။ အဖြစ်ထူးတာ မထူးတာအသာထား။ လူတွေကို အားကျကာ နှစ်ကူးကလေး ဘာလေးလုပ်ဖို့ စိတ်ကူးရတာကိုပဲ မြေခွေးကို ကျေးဇူးတင်ရဦးမှာပါ။

❑

mgyoe.com

mgyoe.com



mgyoe.com

# လွတ်အောင်လည်းရေး လွတ်အောင်လည်းပြေး

## (တစ်)

မယုံစရာ စတိုင်လ် (Style) တွေကြောင့် စုံနံ့သာမြိုင်ရယ်လို့ အရပ်ရှစ်မျက်နှာမှာ ဟိုးလေးတကျော်ဖြစ်ပေါ်၍နေရပါလေသော တိရစ္ဆာန်တို့စုဝေးနေထိုင်ကြရာ တောကြီးရဲ့ ဇာတ်လမ်းအထွေးထွေးအရှုပ်ရှုပ်တွေကို မှတ်တမ်းရေးထုတ်လို့လာခဲ့မိတာဖြင့် အတန်အသင့်ဆိုသလို အချိန်အခါကလေးများလည်း လင့်ခဲ့ပါလေပေါ့။

အတိတ်အရေးကို တစ်ဆိတ်ကလေးလို့ဆိုသလို ငဲ့စောင်းလို့ ကြည့်မိလေတဲ့အခါ စုံနံ့သာမြိုင်ရဲ့ သတင်းစာလောကကြီးအကြောင်းကိုလည်း ဂျက်ဆရာ ငတိသခင်ဟာ လက်မဟာကို စပီ (Speed) တင်လို့ ရေးဖြစ်ခဲ့သေးလေတာပေါ့။

ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းမှန်ရင် မဏ္ဍိုင်ကြီးလေးရပ်ရှိရမယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် စတဲ့ မဏ္ဍိုင်ကြီးများနဲ့အပြိုင် စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းမဏ္ဍိုင်ကြီးဟာလည်း ခိုင်ခိုင်မြဲမြဲနဲ့ မယိုင်မလဲရှိရပေလိမ့်မယ်။ စသည် စသည်နဲ့ လူတိုင်းသိပြီးသားဟာကြီးကိုပဲ ကိုယ့်ကိုယ်ကို ဆရာကြီးလိုလို ဘာလိုလိုလုပ်ပြီးတဲ့သကာလ ဂျက်ဆိုတဲ့ဆရာ ခပ်တည်တည်နဲ့ ရေးချခဲ့သေးလေတာပေါ့။

၁၈၀၀ မှာမွေးပြီး ၁၈၅၉ မှာဆုံးတဲ့ နိုင်ငံရေးသမား သမိုင်းပညာရှင်ကဗျာဆရာ သော်မဆင်မကောလေးကပဲ စသုံးသလိုလို၊ ၁၇၂၉ မှာမွေးပြီး ၁၇၉၇ မှာဆုံးတဲ့ အိုင်ယာလန်နိုင်ငံသား ဗြိတိသျှလွှတ်တော်အမတ် အက်ဒ်

mgyoe.com

mgyoe.com


မန်ဘာ့ခ်ကပဲ စသုံးသလိုလိုနဲ့ ဒွိသဘာဝနဲ့ ဝိဝါဒ ကွဲပြားနေလေတဲ့ အဲ့သည် အနီဖို့သ်အက်စတေ့ (Forth Estate)၊ မြန်မာဘာသာအလိုအားဖြင့် စတုတ္ထ မဏ္ဍိုင်ဆိုတဲ့ ဝေါဟာရကြီးဟာ လူယဉ်ကျေးတို့ကမ္ဘာမှာ အမြစ်တွယ်ပြီးရင်း တွယ်လို့လာလေတဲ့အခါ စုံနံ့သာမြိုင်ဆိုတဲ့ တိရစ္ဆာန်တွေရဲ့ ကမ္ဘာကိုလည်း ရောက်လာခဲ့လေသဗျ။ တိရစ္ဆာန်တွေဟာ မရိုင်းကြပါလေဘူးဆိုတဲ့ သရုပ်ကို ဖော်ထုတ်ချင်လာတာကြောင့် တောရဲ့ ဦးသျှောင်မြေခွေးမောင်ဟာ တိရစ္ဆာန် များရဲ့ အရပ်မှာလည်း စတုတ္ထမဏ္ဍိုင် ခိုင်မြဲလှပါကြောင်း ပြသတဲ့အနေနဲ့ သတင်းစာ၊ ဂျာနယ်တွေ ထုတ်ခွင့်ပေးလိုက်တာဗျား။

စုံနံ့သာမြိုင် ဒေးလီးဆိုတဲ့ သတင်းစာကို စထုတ်ဖို့ ပြင်တဲ့ အယ်ဒီတာ ချုပ် ဖီးကွက်၊ တာဝန်ခံအယ်ဒီတာ လင်းယုန်၊ ပင်တိုင်ဆောင်းပါးရှင် ချိုး၊ ဥသြနဲ့ ဒေါင်းငှက်၊ သတင်းထောက်လုပ်မယ့် မြင်းတွေကိုခေါ်ပြီး တောရဲ့ ဦးသျှောင်မြေခွေးမောင် မြွက်ကြားတဲ့ မိန့်ခွန်းတော်မြတ်စကားထဲမှာ "ငါ မြေခွေးမကောင်းခဲ့ရင် မြေခွေးအကြောင်းရေးကြ၊ မြေခွေးမ မကောင်းရင် မြေခွေးမအကြောင်းရေးကြ" လို့တောင် ပါခဲ့သေးတာမဟုတ်လား။ ထားတော့။ အဖြစ်သရုပ်ကို အနှစ်ချုပ်ရရင် စုံနံ့သာမြိုင်ဒေးလီးသတင်းစာ ထုတ်ပြီဆိုတာနဲ့ တိရစ္ဆာန်တွေ သတင်းစာတွေကို တစ်စောင်ပြီးတစ်စောင် ထုတ်ထုတ်လို့လာလိုက်ကြပုံများ။

## (နှစ်)

ဘာကလေးပဲလုပ်လုပ် လုပ်ပြီးတာနဲ့ အသံထွက်လာတတ်တဲ့ တော ကြီးထဲမှာ တောသတင်းစာကလေးတွေ ခပ်လှိုင်လှိုင် ခပ်မြိုင်မြိုင်ဆိုသလို ထွက်ရှိလို့လာပြီးတာနဲ့ နွားဆွဲတဲ့လှည်းရဲ့နောက်မှာ လှည်းဘီးက ကပ်လို့ ပါလာသလို ပြဿနာတွေကလည်း တစ်ခုပြီးတစ်ခု ကပ်ကပ်လို့ ပါလာ လိုက်ကြတာ။

ဖျံနှစ်ကောင် ငါးကြင်းတစ်ကောင်ရတယ်ဗျ။ အဝေမတည့်နိုင်ဘဲနဲ့ ပြဿနာတတ်ကြသဗျ။ မြေခွေးတစ်ကောင်ရောက်လာပြီး ငါးကြင်းကို ခွဲဝေပေးသဗျ။ ငါးကြင်းကို သုံးပိုင်းပိုင်း အမြီးပိုင်းနဲ့ ခေါင်းပိုင်းကို ဖျံနှစ် ကောင်အတွက်ပေးပြီး အလယ်ပိုင်းကို မြေခွေးကယူကာပြေးသဗျ။ အဲ့သဟာ

mgyoe.com

mgyoe.com

နဲ့ပတ်သက်ပြီး မြေခွေးနေထိုင်ရာ ဂူထဲကိုသွားပြီး သတင်းထောက်မြင်းကလေးက သတင်းသွားမေးသဗျ။

အဲ့သမှာ သကင်းထောက် မြင်းကလေး တရားစွဲခံရပါလေသတဲ့။ ပိုင်နက်ကျူးလွန်မှုနဲ့ အစွဲခံရတာပါ။

နောက်ပြဿနာက သမင်နဲ့ ကျားရဲ့ပြဿနာပါ။ အတိတ်ဘဝတုန်းက လူတစ်ယောက်မှာ ဇနီးနှစ်ယောက်ရှိတယ်။ ပထမဇနီးက သားသမီးမရနိုင်လို့ ဒုတိယဇနီးကို ထပ်ယူထားခဲ့ရတာဖြစ်ပါတယ်။ ဒါနဲ့ ဒုတိယဇနီးမှာ ကိုယ်ဝန်ရှိကြောင်းသိတဲ့အခါ ပထမဇနီးက အဲသည့်ကိုယ်ဝန်ပျက်အောင်လုပ်ပါတယ်။ တစ်ကြိမ်တစ်ခါမက ကိုယ်ဝန်ရတိုင်း ပျက်အောင်လုပ်ရာက ဒုတိယဇနီး သေပါတယ်။ နှစ်ဦးသားတို့ဟာ တစ်ယောက်ကိုတစ်ယောက် အမုန်းကြီးရာက ဘဝအဆက်ဆက် လက်စားချေဖို့ အဓိဋ္ဌာန်ပြုထားခဲ့ကြသူတွေပါ။ ဒါနဲ့ နောင်ဘဝမှာ တစ်ယောက်က ကြောင်၊ တစ်ယောက်က ကြက်ဖြစ်ပါတယ်။ ကြောင်က ကြက်မကြီးမွေးသမျှ ကြက်ကလေးတွေကို စားပစ်ပါတယ်။ နောင်တစ်ဘဝရောက်ပြန်တော့ တစ်ယောက်ကကျား၊ တစ်ယောက်က သမင်ဖြစ်ပြန်ပါတယ်။ ကျားက သမင်မွေးလာသမျှ သမင်ကလေးတွေကို ထိုင်ပြီးစားပစ်ပြန်ပါတယ်။

အဲသဟာကို သတင်းထောက်ကလေးတစ်ကောင်က သတင်းသွားယူပြီး တောသတင်းစာတစ်စောင်ထဲမှာ ထည့်သဗျ။ သမင်ကလေးတွေ မွေးလာသမျှကို ကျားက ထိုင်စားနေတဲ့အကြောင်း။ အဲသဟာကို ကျားက တရားစွဲတာပါ။ တာဝန်ဝတ္တရားနှောင့်ယှက်မှုဆိုလား။ တာဝန်ဝတ္တရားအရ သမင်ကို စားနေတဲ့ကိစ္စကို ထိခိုက်ရေးသားထားတာကြောင့် တာဝန်ဝတ္တရားနှောင့်ယှက်ရာကျတယ်ဆိုပြီး တရားစွဲတာပါ။

မိုးမီးလောင်သလိုဖြစ်တာကတော့ တိရစ္ဆာန်စကူးလ်ကိစ္စ။ တိရစ္ဆာန်စကူးလ်မှာတက်နေတဲ့ အကောင်ကလေးတွေထဲက ငါးကောင်ကိုရွေးပြီး လူ့ရပ်လူ့ရွာကို လေ့လာရေးလွှတ်ဖို့ ရွေးထားခဲ့တာ သမင်ကလေးရယ်၊ ဒရယ်ကလေးရယ်၊ မြင်းကျားကလေးရယ်၊ ဒေါင်းကလေးရယ်ခင်ဗျ။ အဲသဟာက တကယ်တော့ လေ့လာရေးသွားကြမယ့်နေ့လည်းရောက်ရော ရွေးပြီးသား ငါးကောင်မဟုတ်တော့ဘဲ မြေခွေးရဲ့သားရယ်၊ ဝံပုလွေရဲ့သမီး

mgyoe.com

mgyoe.com


ရယ်၊ ကျားသစ်ရဲ့တူရယ်၊ ဆင်ကြီးရဲ့ ခယ်မရဲ့သားရယ်၊ ခြင်္သေ့ရဲ့ မိန်းမဘက်က တူမရယ် ဖြစ်သွားကြပါလေရော။ အဲသဟာကို သတင်းထောက် ဖိုးရွှေယုန်က တိရစ္ဆာန်စကူးလ်အထိ သွားရောက်တွေ့ဆုံမေးမြန်းပြီး သတင်းရေးထည့်လိုက်တာပါ။ အဲဒါကို တရားစွဲတာပါခင်ဗျ။ စုံနံ့သာမြိုင် လျှို့ဝှက်ချက် အက်ဥပဒေပေါက်ကြားမှုဆိုလား။

စတုတ္ထမဏ္ဍိုင်လို့ဆိုကာ သတင်းဂျာနယ်တွေ လှိုင်လှိုင်ထွက်တဲ့တောဟာ၊ သတင်းတွေကို လွတ်လွတ်လပ်လပ်ရေးလို့ ရနေပါပြီဆိုတဲ့တောဟာဖြင့် ရေးထုတ်သမျှကို ဘေးဒုက္ခပေးဖို့ စောင့်နေခဲ့ပြီထင့်။

(သုံး)

ခပ်တွန့်တွန့်ဖြစ်သွားပုံရတဲ့ တောထွက်သတင်းဂျာနယ်ကလေးတွေထဲမှာ အခုတစ်လောတော့ ဘေးမသီ ရန်မခ သတင်းထူးကလေးတွေ ပြန်ပါနေပြန်သဗျ။


စုံနံ့သာမြိုင်တောစပ်က နွေစပါးစိုက်ခင်းမှာ စပါးပင်တွေ ပေါက်နေတဲ့အကြောင်း၊ စုံနံ့သာမြိုင် ငှက်ပျောတောထဲက ငှက်ပျောပင်တစ်ပင်မှာ ငှက်ပျောသီးနှစ်လုံးပူးကြီးတစ်လုံးထူးခြားစွာသီးနေတဲ့အကြောင်း၊ စုံနံ့သာမြိုင်က တိရစ္ဆာန်တချို့ကို လူတို့ဌာနေရှိစိုက်ပျိုးရေးလုပ်ငန်းခွင်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းခွင်များမှာ သွားရောက်တာဝန်ထမ်းဆောင်စေတော့မယ့်အကြောင်း၊ စုံနံ့သာမြိုင်တောလုံးဆိုင်ရာ ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ဆင်ကြီးက တစ်ချက်တည်းနဲ့ ကျင်းဝင်အောင် ရိုက်ထည့်လိုက်နိုင်တဲ့အကြောင်း၊ မထင်မှတ်ဘဲ ရွာချလိုက်တဲ့မိုးကြောင့် စုံနံ့သာမြိုင်မှာ ပိတောက်ပန်းတွေဝေနေအောင် ပွင့်တဲ့အကြောင်း စတဲ့ သတင်းထူး သတင်းဦးကလေးတွေပဲ ဆိုပါတော့။

အင်း... ဒါတောင်မှ တောရဲ့ ဥပဒေတွေနဲ့ လွတ်ကင်းရဲ့လားမပြောတတ်ပါဘူး။ ကောင်းတာလုပ်လုပ်၊ မကောင်းတာလုပ်လုပ်။ စုံနံ့သာမြိုင်ကို အကြည်ညိုပျက်စေမှုဆိုတာမျိုးနဲ့ လှမ်းစွဲရင် တိရစ္ဆာန်သတင်းသမားတွေ ဘယ်လိုလွတ်အောင်ပြေးမလဲ။ ကဲ... ပြော။

❑

mgyoe.com

mgyoe.com



mgyoe.com

# ကျားကို ရီဟာဇယ် သေခိုင်းပြီးတဲ့နောက်

## (တစ်)

အစမ်းဆိုတဲ့ကိစ္စက တော်တော်တော့ စိတ်ဝင်စားဖို့ကောင်းတဲ့ကိစ္စဗျ။ အဲ... အစမ်းဆိုလို့ စကားမဆက်ခင် ဖြတ်တော့ပြောထားဦးမှ။ အစမ်းလို့ ဆိုလိုက်တဲ့အတွက် မိန်းကလေးတစ်ယောက်အကြောင်းများ ဖြစ်နေလေရော့ မလား ဘာလားနဲ့ အထင်တော့ လွဲမသွားစေချင်ပါဘူး။ ဂျက်ကွမ်းခြံကုန်း ပြောမယ့်အစမ်းက အင်္ဂလိပ်လို ရီဟာဇယ်လို့ အသံထွက်တဲ့ Rehearsal ကိုပြောတာပါ။ အဲသည့် အနို ရီဟာဇယ် (Rehearsal) ဆိုတဲ့စကားလုံးဟာ မြန်မာလိုပြောရရင် အစမ်းပဲပေါ့။

လူတွေ တက္ကသိုလ်တွေ ဘာတွေတက်၊ စာမေးပွဲတွေ ဘာတွေ အောင်သွားတဲ့အခါ ဘွဲ့ယူကြတယ်ဆိုတာ ထုံးတမ်းစဉ်လာပဲလေ။ အနို့သော် သို့သော်လည်းပေါ့။ ဘွဲ့ဆိုတာ သည်ကနေ့ပေး၊ သည်ကနေ့ သွားတက်ယူ ဆိုတာမျိုး လုပ်ကောင်းတဲ့အရာမှ မဟုတ်လေတာဘဲ။ တကယ့်ဘွဲ့နှင်းသဘင် ပွဲကြီးမတိုင်မီမှာ ကြိုတော့ လေ့ကျင့်ရသေးတာပေါ့။ အဲသဟာကို အရပ်ထဲမှာ ရီဟာဇယ် ရီဟာဇယ်နဲ့ ပြောပြောနေကြတာပါပဲ။ မြန်မာလို အစမ်းပေါ့ဗျာ မဟုတ်ဘူးလား။

အဲ... ငယ်ငယ်က ကျောင်းနေဖူးတဲ့လူတွေမှန်သမျှ စာမေးပွဲတော့ ဖြေဖူးကြမှာပ။ အဲသမှာ အတန်းတင်စာမေးပွဲဆိုတာကြီးကို ဂျက်ကွမ်းခြံကုန်း

mgyoe.com

တို့ အဘယ်မှာ တန်းပြီးဖြေဆိုကြရလို့တုံးဗျာ။ ပထမအစမ်းတဲ့၊ ဒုတိယအစမ်းတဲ့၊ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ အစမ်းတော့ ဖြေခဲ့ကြရတာပါပဲဗျ။

အနို့ကလို သို့ကလိုပါပဲဗျာ။ တကယ့်တိုက်ပွဲမဟုတ်ဘဲနဲ့ အစမ်းတိုက်ကြခိုက်ကြတဲ့ပွဲကို စစ်ရေးလေ့ကျင့်တယ်လို့ ဆိုကြတာပါပဲ။ တကယ့်ပြဇာတ်၊ တကယ့်ရုပ်ရှင်မဟုတ်သေးဘဲနဲ့ ကြိုတင်ပြီး ကမှု၊ ခုန်မှု၊ သီဆိုမှု၊ သရုပ်ဆောင်မှု လုပ်ကြတာမျိုးကို ရီဟာဇယ်လုပ်တယ်၊ အစမ်းလေ့ကျင့်တယ်လို့ ဆိုကြတာပါပဲ။ ဘောလုံးအသင်းနှစ်သင်း မိုးလားရေလားဆိုသလို တကယ်မကန်ကြဘဲ လေ့ကျင့်တဲ့သဘောနဲ့ ဆော့ကန်ကစားကြတာကိုလည်း ခြေစမ်းတယ်လို့ ဆိုကြတာပါပဲ။

ခြုံပြီးပြောရရင် အကုန်လုံးဟာ အစမ်းပဲပေါ့ဗျာ။ မဟုတ်ဘူးလား။ ရီဟာဇယ်ပဲပေါ့။ အဲ... ဂျက်ကွမ်းခြံကုန်းပြောချင်တာက ဟောသည်လောကကြီးထဲမှာ အရာရာကို ရီဟာဇယ်လုပ်လို့ ရ၊ မရ အစမ်းလုပ်လို့ရ၊ မရ ဆိုတဲ့ကိစ္စပါ။

(နှစ်)

ရ၊ မရ သေသေချာချာ မသိတဲ့ အစမ်းကိစ္စကို တကက်တကက်ကြွကြွ ပြောလာတဲ့သူက စုံနံ့သာမြိုင်တောကြီးထဲက တောရဲ့ ဦးသျှောင် မြေခွေးမောင်ခင်ဗျ။

"ဆရာကြီးဂျက်... သေတာကို ရီဟာဇယ် လုပ်ကြည့်လို့ရသလား ခင်ဗျ"တဲ့။

ကြည့်စမ်း။ မြေခွေးက မေးတဲ့စကား။ သေတာကို ရီဟာဇယ်လုပ်လို့ ရသလားတဲ့။ ဂျက်ကွမ်းခြံကုန်း ကြောင်သွားသဗျ။ ကိုယ်ဝန်ကို အစမ်းဆောင်လို့ ရ၊ မရ။ ကလေးကို အစမ်းမွေးလို့ ရ၊ မရ။ သေတာကိုရော အစမ်းလုပ်လို့ ရ၊ မရ။ ခေါင်းတော့ ခြောက်စရာခင်ဗျ။

"နေပါဦး... ခင်ဗျားက ဘာဖြစ်လို့ အစမ်းသေလို့ ရ၊ မရ ကျုပ်ကို မေးရတာတဲ့တုန်း အဆွေမြေခွေးရဲ့။

ဂျက်လည်း ခေါင်းထဲမှာ နည်းနည်းကလေး ထွေးထွေးရှုပ်ရှုပ်ဖြစ်လာတာကြောင့် အနို့လိုပဲ မေးပစ်လိုက်ခဲ့မိပါတယ်။

mgyoe.com

mgyoe.com


"ခင့်ဗျားတို့ လူ့ရပ်လူ့ရွာက တချို့တချို့တွေ ဘဝဇာတ်သိမ်းသွားကြပုံတွေကိုကြည့်ပြီး ငါတို့တိရစ္ဆာန်တွေသေရင် ဘယ့်နှာသို့ရှိပါ့လို့ တွေးမိရာက မေးကြည့်ခြင်းရယ်ပါ ဆရာကြီးဂျက်"

ဩော်... အဲသည်တော့မှ ဂျက်လည်း ဖျတ်ခနဲဆိုသလို ဆက်စပ်မိသွားရာက မြေခွေးလက်ထဲမှာကိုင်ထားတဲ့ ဂျာနယ်ကလေးတစ်စောင်ကို လှမ်းကြည့်လိုက်မိတာပါ။ ထင်တဲ့အတိုင်းပါပဲ။ မကြာမီကမှ အနိစ္စရောက်သွားရှာတဲ့ သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်ရဲ့ ရျာပနသတင်းတွေနဲ့ ဝေဝေဆာဆာထုတ်ဝေထားတဲ့ ဂျာနယ်ကလေးတစ်စောင် ဖြစ်နေတော့တာကိုး။ ပန်းခွေတွေ၊ ပန်းခြင်းတွေက တောင်ပုံရာပုံ။ လူတွေက သိန်းဂဏန်းအထက် စုစုဝေးဝေး။ ကားတွေ၊ ကားတွေက ရှေ့တိုးမရ၊ နောက်ဆုတ်မရ။ ညနေ ၅ နာရီ ဂူသွင်းမယ့် ဆရာကြီး ဟံသာဝတီဦးဝင်းတင်ကို ဂါရဝပြုဖို့လာကြသူတွေက မနက် ၈ နာရီဝန်းကျင်ကတည်းက ရင်ဘတ်မှာ ဦးဝင်းတင် ရုပ်ပုံကပ်ထားတဲ့လူငယ်တွေ၊ လူရွယ်တွေ ကားမဝင်ရတော့တဲ့ သုသာန်တစပြင်ရှိရာဆီကို ခြေကျင်လျှောက်ပြီး လာနေလိုက်ကြတာ။ လမ်းဘေးဝဲယာက တချို့အိမ်တွေများဆို အသုဘပို့ဆောင်သူတွေကို အအေးတွေဒါနပြုတိုက်ကျွေးလို့။

"အနို့... ဘယ့်နှာကြောင့် သို့ကလောက် စည်ကားရသတုန်းဆိုတာကို ဂျာနယ်ဖတ်ရင်းနဲ့ ကျွန်ုပ်က တွေးမိလို့ မေးတာပါ ဂျက်ဆရာရဲ့။ ကဲ... ပြောစမ်းပါ... ဘယ့်နှာကြောင့် သို့ကလောက် စည်ကားနေရသတုန်း ဆိုတာလေး"

ကျွန်ုပ်၏အဖြေကို ပြည့်ပြည့်စုံစုံ သိချင်နေပုံရတဲ့ မြေခွေးရဲ့မျက်လုံးကိုကြည့်ရင်းက အချိန်ကလေးလည်း နည်းနည်းရတာနဲ့ ဂျက်ဆရာ ကျွန်ုပ်လည်း ဆက်ကာဆက်ကာဆိုသလို ထုတ်နုတ်လို့ ပြောကြားလိုက်မိပါလေရဲ့။

"ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ရျာပန၊ ဗိုလ်ချုပ်အောင်ဆန်းတို့ရဲ့ရျာပန၊ ဒေါ်ခင်ကြည်ရဲ့ရျာပန၊ ဦးသန့်ရဲ့ရျာပန၊ ဗန်းမော်တင်အောင်ရဲ့ရျာပန... ပြောရရင်ဗျာ ဂန္ဒီရဲ့ရျာပန၊ ဟိုချီမင်းရဲ့ရျာပန၊ လင်ကွန်းရဲ့ရျာပန၊ မင်ဒဲလားရဲ့ရျာပန... လူတွေဟာ လူ့လောကနဲ့ လူသားတွေရဲ့အကျိုးကို

mgyoe.com

သယ်ပိုးသူတွေ ဆုံးပါးသွားခဲ့ရင် နှမြောတသတဲ့စိတ်၊ ယူကျုံးမရတဲ့စိတ်၊ လေးစားတဲ့စိတ်၊ အတုယူအားကျတဲ့စိတ်တွေနဲ့ ကြိတ်ကြိတ်တိုးကြစမြဲပဲ ကိုမြေခွေးရဲ့"

စုံနဲ့သာမြိုင်တောရဲ့ ဦးသျှောင်မြေခွေးမောင်က လေအလှုပ်မှာ ကြွေပြုတ်လို့ သွားကြလေတဲ့ လက်ပံပွင့်ကြီးတွေကို ငေးကြည့်နေရာက ခပ်လေးလေး၊ ခပ်တွေးတွေးနဲ့ မေးခွန်းတစ်ခုမေးလာပြန်ပါသဗျ။

"ကျုပ်တို့ တိရစ္ဆာန်တွေ သေတော့ရောဗျာ" တဲ့။

"ဒါကတော့ အဆွေမြေခွေးအသိပဲလေဗျာ။ တိရစ္ဆာန်မသာ အဘယ်တိရစ္ဆာန်က လာချလို့တုန်း။ ကျီးထိုးထိုး၊ ခွေးစားစားပဲဥစ္စာ"

ဒီတစ်ခါမှာတော့ မြေခွေး ငိုင်သွားတာ တော်တော့်ကိုကြာပါတယ်။ ခပ်ရေးရေးနဲ့ တွေးမိသွားပုံလည်းရပါတယ်။

"သာမန်တိရစ္ဆာန်တွေ သေတာကတော့ ထားပါတော့။ ဆရာကြီးဂျက်ရယ်... ဟောသည့်တောကို ဦးဆောင်နေတဲ့ ကျုပ်နဲ့ ကျုပ်ရဲ့ အကောင်အကြီးကြီးတွေ သေရင်ရော တောက မနှမြောကြဘူးတဲ့လား"

"အဲဒါကတော့ စမ်းကြည့်မှပဲသိမှာကိုး အဆွေမြေခွေးရဲ့"

ဟုတ်တယ်လေ။ မြေခွေးနဲ့ သူ့အကောင်တွေ တစ်ကောင်တစ်မြီးမှ ကိစ္စမချောသေးတဲ့ဥစ္စာ ဘယ့်နှာကျိန်းသေပေါက် ဂျက်က ပြောတတ်မှာတဲ့တုန်း။ အဲသမှာမှ မြေခွေးက ရောဂါထလာခဲ့တာပါ။ ဂျက်ကို အကြံတောင်းပြန်ပါတယ်။

"အစမ်းသဘောနဲ့ သေကြည့်ရင်ရော တောသားတွေရဲ့သဘောထားကို မရိပ်စားမိနိုင်ဘူးလား"တဲ့။

ဒီတစ်ခါမှာတော့ ဂျက်က စမ်းရင်လည်း စမ်းကြည့်လေလို့ အကြံပေးလိုက်မိပါတယ်။ မြေခွေး ခဏကလေးစဉ်းစားပြီး ခဏကလေးနဲ့ကိုပဲ ဆုံးဖြတ်ချက်ချပါတယ်။

"ကျုပ်ကိုယ်တိုင်ကတော့ မကောင်းဘူး ဆရာကြီးဂျက်ရဲ့။ ကျုပ်တို့အထဲက တော်တော်အကောင်ကြီးတဲ့ ကိုရွှေကျားကို ရီဟာဇယ်သဘောနဲ့ အစမ်းသေကြည့်ခိုင်းလိုက်မယ်။ မကောင်းဘူးလား"

အကြံတောင်းသလိုလို ဘာလိုလိုနဲ့ သူ့ဘာသာသူ ဆုံးဖြတ်ချက်

mgyoe.com

mgyoe.com

ချလိုက်တဲ့ မြေခွေးဟာ ကိုရွှေကျားနဲ့ တိတ်တဆိတ်ဆိုသလို ကျိတ်ကျိတ်ကျိတ်ကျိတ်လုပ်ပြီးတာနဲ့ နောက်တစ်နေ့မနက်မှာ တောရဲ့ ဦးသျှောင်အဖွဲ့ဝင် ကိုရွှေကျား ဇွဇ ပါးသောရောဂါနဲ့ ရုတ်တရက်ဆုံးပြီဆိုတဲ့သတင်း စုံနံ့သာမြိုင်မှာ ပျံ့နှံ့သွားတော့တာပါပဲ။

## (သုံး)


ထင်ထားတဲ့အတိုင်းပဲခင်ဗျ။ တိရစ္ဆာန်မသာကို အဘယ်တိရစ္ဆာန်မှ မလာကြလေဘူး။ ကျားကလည်း တောခေါင်းဆောင် ဦးသျှောင်အဖွဲ့ဝင်ပီပီ မျက်နှာပိုးသေသေနဲ့ သရုပ်ဆောင်ကောင်းလိုက်တာ။ ညောင်ပင်အောက်မှာ ကားကားကြီးနေတဲ့သဏ္ဍာန်ပေါ့။ ဟန်ဆောင်ထားတဲ့ ရိုဟာဇယ် ကျားသေကြီးကို သမင်ကလေးတွေက တံတွေးနဲ့ လာထွေးလိုက်၊ ယုန်ကလေးတွေက သေးနဲ့လာပန်းလိုက်။ ကျားခမျာ မနည်းအောင့်အည်းပြီး မှောင်မှပဲ အသာကလေး ကိုယ်ယောင်ဖျောက်သွားခဲ့ရရှာတာပါ။

မြေခွေး တုန်လှုပ်သွားပုံရပါတယ်။ အမိန့်တစ်ရပ်ကို ချက်ချင်းထုတ်ပြန်ပါတယ်။ မြေခွေးခေါင်းဆောင်တဲ့ တောဦးသျှောင်များ အနိစ္စရောက်ခဲ့သော် ဝမ်းနည်းသော စုံနံ့သာမြိုင်တောကြီးအဖြစ် တစ်လသတ်မှတ်ရန်၊ ထိုတစ်လအတွင်း တိရစ္ဆာန်များ ရယ်မောခြင်းမပြုကြရန်၊ တတ်နိုင်သမျှ မျက်ရည်ဖြိုင်ဖြိုင်ကျ၍ တိရစ္ဆာန်ဈာပနသို့ လိုက်ပါပို့ဆောင်ကြရန်တဲ့။ မြေခွေးအမိန့် ဘယ့်နှာလောက် တည်၊ မတည်ဆိုတာကိုတော့ စောင့်ကြည့်ကြရပေဦးမှာပေါ့။ တိရစ္ဆာန်တွေ မြေခွေးစကားမှာ မတည်ခဲ့ရင် ခင်ဗျားတို့လူတွေ ရယ်တော့ မရယ်ကြနဲ့နော။

❑

mgyoe.com

mgyoe.com



mgyoe.com

# စုံနံ့သာမြိုင်က ငွေစက္ကူများ

## (တစ်)

"ဆရာကြီးဂျက်... အကျွန်ုပ်ကို တစ်ထောင်တန်မှာ လုပ်နော်"

"ကျုပ်ကတော့ ငါးရာတန်ပဲဖြစ်ဖြစ်၊ တစ်ရာတန်ပဲဖြစ်ဖြစ် ပါတယ်ဆိုရင် ကျေနပ်ပြီဗျာ"

"ဟော့... ကိုယ်ကတော့ တစ်သောင်းတန်ဆိုမှ တစ်သောင်းတန်ပဲနော်။ တစ်ပြားမှကို မလျှော့နိုင်ပါဘူး... ဂျက်ဆရာရယ်"

"ကျွန်ုပ်ကတော့ သနားစဖွယ် တိရစ္ဆာန်လို့ ထင်ချင်ထင်ကြပါစေတော့။ ငါးဆယ် အစိတ်တန်ကလေးမှာပဲဖြစ်ဖြစ် လုပ်ပေးစေ့ချင်ပါတယ်"

တကယ့်ကို ကျွက်ကျွက်ညံနေတဲ့ တောတိရစ္ဆာန်တို့ရဲ့ ပွဲပါပဲဗျာရယ်။ တိရစ္ဆာန်တွေက သိပ်အများကြီးတော့ မဟုတ်ဘူးဗျာရဲ့။ အကောင်တွေလောက်ပါပဲ။ အကောင်တွေဆိုတော့ ကြောင်တောင်တောင်တော့ ဖြစ်မသွားကြနဲ့ဦးဗျာတို့ရယ်။ တိရစ္ဆာန်ပဲဥစ္စာ။ အားလုံးအကောင်တွေချည်းပဲ မဟုတ်လားလို့တော့ ဖြတ်မမေးလိုက်လေနဲ့ဦး။ သိတယ်မဟုတ်လား။ သည်နေရာမှာ အကောင်ဆိုတာက တောထဲမှာ ကြီးတဲ့အကောင်၊ ထွားတဲ့အကောင်၊ အဆိပ်နဲ့အကောင်၊ အစွယ်နဲ့အကောင်၊ ချိုနဲ့အကောင်၊ အန္တရာယ်ပေးတတ်တဲ့အကောင်တွေကို ဆိုလိုတာပါ။

ထုံးစံအတိုင်း ကျားပါမှာပေါ့၊ ဆင်ပါမှာပေါ့၊ ခြသေ့်ပါမှာပေါ့၊ ဝံပုလွေ

mgyoe.com

ပါမှာပေါ့၊ မြေခွေးပါမှာပေါ့၊ မိကျောင်းပါမှာပေါ့၊ မြွေပါမှာပေါ့။ ခုနတုန်းက ဂျက်ပြောခဲ့တဲ့အသံတွေဟာ အဲသည့်အကောင်တွေ ဆူဆူညံညံလုပ်နေတဲ့အသံတွေဗျ။ သူပါမယ် ငါပါမယ် တောင်းဆိုနေလိုက်ကြတာတွေကလည်း တစ်သောင်းတန်တဲ့၊ ငါးရာတန်တဲ့၊ တစ်ထောင်တန်တဲ့၊ တစ်ရာတန်တဲ့၊ ငါးဆယ်တန်တဲ့၊ အစိတ်တန်တဲ့၊ ငွေစက္ကူရိုက်နှိပ်ထုတ်ဝေမယ့်အထဲမှာ ပါချင်နေကြတာတဲ့ခင်ဗျ။

## (နှစ်)

ထုံးစံအတိုင်း စပြီးအရူးထတာက မြေခွေးကစပြီး အရူးထတာပါ။ ဂျန်းဂဲလ်မန်းနီး (Jungle Money) ထုတ်ချင်လေသတဲ့။ သြော်... သူကတော့ တောရဲ့ ဦးသျှောင်ပီပီ အရူးထပေမပေါ့။

"ဆရာကြီးဂျက်... လူတွေဟာ ပိုက်ဆံတွေနဲ့ဗျ... နော်"

ဘယ်ကရလာမှန်းမသိတဲ့ ပိုက်ဆံတွေကို လက်ထဲမှာကိုင်လို့။ သြော်... တောခေါင်းဆောင် ကိုမြေခွေး ကိုမြေခွေး။

"ဟုတ်တယ်နော်... ဆရာကြီးဂျက်၊ လူတွေက ပိုက်ဆံတွေနဲ့"

ဟုတ်ပါ့ဗျားဆိုတဲ့ အဓိပ္ပာယ်နဲ့ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းလည်း ခေါင်းညိတ်ပြရပေတာပဗျာ။ သူကလည်း ဆက်မေးတော့တာပေါ့။ ပိုက်ဆံဆိုတာ ဘာလဲ၊ ဘာလုပ်ဖို့လဲ၊ ဘာကောင်းတာလဲ၊ အများကြီးမှအများကြီး။ မေးလိုက်တဲ့မေးခွန်းတွေ။

ပိုက်ဆံမပေါ်ခင်က လူတွေဟာ ဘာတာဆစ်စတန် (barter system) လို့ခေါ်တဲ့ ကုန်ပစ္စည်းချင်းဖလှယ်တဲ့စနစ်နဲ့ ရောင်းဝယ်ဖောက်ကားခဲ့ကြတဲ့အကြောင်း၊ ပိုက်ဆံပေါ်လာတဲ့အခါ အဲသဟာကို ကြားခံထားပြီး တန်ဖိုးသင့်လို့ သုံးစွဲခဲ့ကြတဲ့အကြောင်း၊ အနို့ကလို ဖြစ်ဘိမူ၍ ပိုက်ဆံကို ကာရင်စီ (currency) ဟုခေါ်ဆိုသမုတ်ခဲ့ကြတဲ့အကြောင်း၊ ကာရင်စီတွေဟာ လူ့လောကကြီးထဲမှာ လှည့်လည်စီးဆင်း၍နေကြကြောင်း စသည်ဖြင့် စသည်ဖြင့် သိသမျှ ကြားသမျှကလေးတွေကို ဂျက်လည်း ပြောပြလိုက်မိပါရဲ့။

"ဒါဆို... အဲသဟာက ဘယ်သူတွေတုံး" တဲ့။

mgyoe.com

mgyoe.com

မေးတတ်ပလေ ကိုမြေခွေးငဲ့လေ။ ငွေစက္ကူပေါ်က လူပုဂ္ဂိုလ်တွေကို ကြည့်ပြီး မေးခွန်းထုတ်လိုက်ပုံများ။ ထိုင်းပိုက်ဆံပေါ်မှာက သူတို့ဘုရင် ဘူမိဘောပုံတွေနဲ့။ တရုတ်ပိုက်ဆံပေါ်မှာက မော်စီတုန်းပုံတွေနဲ့။ အမေရိကန်ပိုက်ဆံပေါ်မှာက သမ္မတပုံတွေနဲ့။ အိန္ဒိယပိုက်ဆံပေါ်မှာက မဟတ္တမဂန္ဒီပုံတွေနဲ့။ ဗီယက်နမ်ပိုက်ဆံပေါ်မှာက ဟိုချီမင်းပုံတွေနဲ့။

"အဲသဟာ သူတို့နိုင်ငံက လူထုခေါင်းဆောင်တွေဗျ" လို့ ဂျက်က ဖြေပြီးတာနဲ့ မဆိုင်းမတွဆိုသလို မြေခွေး ပြောချလိုက်တာက...

"စုံနံ့သာမြိုင်မှာ တိရစ္ဆာန်ပိုက်ဆံထုတ်မယ်... ဒါပဲ" ဆိုလား။

## (သုံး)

ဂျန်းဂဲလ်မန်းနီးလို့ခေါ်တဲ့ တောပိုက်ဆံထုတ်ဖို့ မြေခွေးအကူအညီ တောင်းဆိုလာခဲ့တဲ့သူက ဂျက်ပါ။ ပိုက်ဆံရိုက်မယ့်စက်ဆရာကို ပိုက်ဆံဒီဇိုင်းရေးမယ့်ပုဂ္ဂိုလ်နဲ့အတူခေါ်ပြီး မြေခွေးဆီကိုသွားတော့ မြေခွေးရဲ့ ဒေါက်တိုင်ကြီးတွေဖြစ်တဲ့ အကောင်တချို့လည်း ရောက်ရှိလို့နေကြချေလေသပေါ့။

"ကျုပ်တို့ကတော့ တောရဲ့ ကျက်သရေဆောင်... အကောင်တော်တော်ကြီးကြီးတွေရဲ့ပုံတွေနဲ့ပဲ ဂျန်းဂဲလ်မန်းနီးကို ထုတ်ဝေချင်သဗျ။ အရောင်ကလေးလည်းလှမှ စက္ကူသားကလေးလည်း ကောင်းမှ"

မြေခွေးရဲ့ အဆိုပြုချက်နောက်မှာ တောထဲက အကောင်ကြီးတချို့ ပြုံးပြုံးပြုံးပြုံးနဲ့ သဘောကွေကျနေလိုက်တာများ။ ပိုက်ဆံဒီဇိုင်းရေးမယ့်ဆရာက ပိုက်ဆံပေါ်မှာပါမယ့် တိရစ္ဆာန်တွေကို ဓာတ်ပုံရိုက်ယူသဗျ။ ပြီးတော့ ခွဲတမ်းချရလေသပေါ့။ တစ်ရာတန်မှာက ဘယ်အကောင်၊ နှစ်ရာတန်မှာက ဘယ်အကောင်၊ ငါးရာတန်မှာက ဘယ်အကောင်ဆိုတာမျိုး။ အိုး... ကျွက်ကျွက်ကိုညံလို့။

"ဟေ့... နောင်ကျရင် ငါတို့ တောထဲမှာ ငှက်ပျောသီးနဲ့၊ ကြံနဲ့ လဲတာတို့၊ သမင်သားနဲ့ ဆတ်သားလဲတာတို့ မရှိတော့ဘူးကွ။ ဂျန်းဂဲလ်မန်းနီးပဲ ပိုင်သကွာ"

တောကောင်တစ်ကောင်ရဲ့ မှုဒိတာစကားပါ။ သူက ငွေကိုင်သုံးရမှာကို သဘောကျနေပုံထင်ပါရဲ့။

mgyoe.com

mgyoe.com


မကြာပါဘူး။ စုံနံ့သာမြိုင်တောထဲကို ပိုက်ဆံတွေရောက်လာတော့တာပါပဲ။ ခြသေ့်ပုံလည်းပါသဗျ၊ မြေခွေးပုံလည်းပါသဗျ၊ ဆင်ပုံလည်းပါသဗျ၊ ကျားရယ်၊ မိကျောင်းရယ်၊ ဝံပုလွေရယ် ဘယ်ကျန်ပါ့မလဲ။ ဖိုးလမင်းလည်း သူ့အဆင်းနဲ့ အလင်းနဲ့လို့ ဆိုသလို တိရစ္ဆာန်လည်း သူ့အတန်နဲ့ သူ့ဟန်နဲ့ပေါ့ အဆွေစာရှုသူ။ ဘယ်အကောင်က သန့်တယ်၊ ဘယ်အကောင်က ခန့်တယ်နဲ့။

"စုံနံ့သာမြိုင် စီးပွားရေးတိုးတက်လာတဲ့ အထိမ်းအမှတ်နဲ့ တိရစ္ဆာန်တိုင်းကို အရွက်တစ်ရာစီဝေမယ်။ နောင်မလောက်သေးဘူးဆိုခဲ့ရင် အရွက်တစ်ထောင်စီ ထပ်ဝေမယ်။ မကြာမကြာဆိုသလိုလည်း ဝေဝေပေးနေမှာဖြစ်ပါတယ်"

တစ်တောလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားလိုက်တာများ။ မြေခွေးက အနို့ကလို မိန့်ခွန်းပြောချလိုက်ပြီးတာနဲ့ တိရစ္ဆာန်တွေ ကျွမ်းထိုးတဲ့အကောင်ကထိုး၊ ခုန်တဲ့အကောင်ကခုန်၊ ကတဲ့အကောင်က,က၊ မြင်းတွေများဆိုပတတ်ရပ်ထားတာကို တော်တော်နဲ့ ပြန်မချတော့ဘူး။

"ဆရာရေ... နောက်လထဲမှာ ပိုက်ဆံမျိုးစုံ ရွက်ရေဆယ်သိန်းလောက်ရိုက်ပြီး လာပို့ပါဦး။ ကျုပ်တိရစ္ဆာန်တွေ ဖောဖောသီသီကလေး သုံးကြရတာပေါ့" တဲ့။

မြေခွေးက ငွေစက္ကူရိုက်တဲ့ လူကို အော်ဒါ (order) တောင်မှ မှာနေသေး။

## (လေး)

သိပ်မကြာဘူးဗျ။ ရှိလှလေး၀ါးခြောက်ရက်ပေါ့။ တိရစ္ဆာန်ကလေးတွေ ပိုက်ဆံကိုင်ပြီး သုံးနေကြရာက ရုတ်တရက်တွန့်သွားကြလေရဲ့။ နင့်ပိုက်ဆံက စုံနံ့သာမြိုင်တောကြီးရဲ့ အပြင်ထွက်သွားရင် ဘယ်မှာမှသုံးမရတဲ့ဥစ္စာလို့ဆိုပြီး ကိုယ့်ပစ္စည်းနဲ့ သိပ်မလဲချင်တော့ဘူး။ မုန်လာဥတစ်လုံးသုံးသောင်းပေးမှတို့၊ ဖရဲသီးတစ်လုံး၀ါးသောင်းပေးမှတို့၊ ဆတ်သားတစ်ဆယ်သားတစ်သိန်းတို့ ဖြစ်လာကြပါလေရော။

"ပိုက်ဆံခပ်များများထပ်ရိုက်လေ များများထပ်ဝေပေါ့။ ခမျာကလေး

mgyoe.com

mgyoe.com

တို့ သုံးကြစွဲကြပါစေ"

မြေခွေးရဲ့ စီမံခန့်ခွဲမှုက စေတနာပါလိုက်တာ။ နောက်ဆုံး ပုရွက်ဆိတ်ကလေးများတောင်မှ တစ်ကောင်မှာ ကုဋေရှစ်ဆယ်လောက် ပိုင်လာသဗျ။ အနို့နဲ့ တောရဲ့ပြင်ပမှာ ဘယ်မှာမှသုံးမရတဲ့ ပိုက်ဆံတွေနဲ့။ တစ်တောလုံး ဖုံးလွှမ်းသွားပြီးတဲ့နောက်မှာ မြေခွေးလုပ်ချလိုက်ပုံက ကြမ်းပါတယ်။


"တောတွင်းသုံး ပိုက်ဆံများအားလုံး ဖျက်သိမ်းသည်"တဲ့။

မြေခွေးက ဂျက်ကိုတော့ မေးသဗျ။ ဆရာကြီးဂျက် ကျုပ်လုပ်တာ မှားသွားသလားဗျာတဲ့။ ဂျက်ကလည်း ဖြေလိုက်ပါတယ်။ မမှားပါဘူးဗျာလို့။ ပိုက်ဆံတွေ ရိုက်ချင်သလိုရိုက်ပြီး ဝေတာလည်း မမှားဘူး။ ပိုက်ဆံပေါ်မှာ တိရစ္ဆာန်ပုံတွေ ရိုက်တာလည်း မမှားဘူး။ ပိုက်ဆံတွေကို ပြန်ပြီး ဖျက်သိမ်းတာလည်း မမှားဘူးလို့။ တိရစ္ဆာန်လောကကြီးမှာမို့ လုပ်မိတာ ဘယ်လိုလုပ်မှားတယ်လို့ ခေါ်နိုင်လေမလဲဗျာ။

အဲ... လူ့လောကမှာဆိုရင်တော့လည်း တစ်မျိုးပေါ့။

❑

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

# စုံနွံသာမှာ မြိုင်ပြုတ်မသွားစေနဲ့

(တစ်)

"လျှော့မတွက်နဲ့လို့ အဆွေတို့ကို ကျွန်ုပ် ပြောခဲ့ဖူးတယ်မဟုတ်လား။ စုံနံ့သာမြိုင်ဗျ ဘာမှတ်နေသလဲ။ အခု... ရွှေဖြစ်ပြီ ရွှေဖြစ်နေပြီ"

လက်ခုပ်သံထဲမှာ အညံဆုံးကတော့ ဝံပုလွေရဲ့ လက်ခုပ်သံပါပဲ။ ကျားတို့၊ ခြင်္သေ့တို့၊ ဆင်တို့၊ မိကျောင်းတို့စတဲ့ အကောင်ကြီးတွေရဲ့ လက်ခုပ်သံလည်း ပါတန်သလောက်တော့ ပါပေသပေါ့။ တောရဲ့ ဦးသျှောင် မြေခွေးမောင်က ဦးဆောင်ပြီး တောအုပ်ချုပ်ရေး ဦးဆောင်တိရစ္ဆာန်လေးငါးခြောက်ကောင်တို့ အရေးပေါ်တွေ့ဆုံကာ စုံနံ့သာမြိုင်ရဲ့ အားရဖွယ် အနာဂတ်နေ့ရက်များကိစ္စကို တိုင်ပင်နှီးနှောကြတဲ့ အစည်းအဝေးကလေးပါ။ အဲသမှာ မြေခွေးစကားဆုံးတော့ လက်ခုပ်တီးကြလေသပေါ့။ မြေခွေးက စုံနံ့သာမြိုင် ရွှေဖြစ်ပြီဆိုတဲ့အကြောင်းကို အချက်နဲ့အလက်နဲ့ တင်ပြပြီးတဲ့သကာလ စုံနံ့သာမြိုင်ကို လျှော့မတွက်နဲ့ ဘာမှတ်နေသလဲဆိုတဲ့ စကားကို မာမာထန်ထန်ပြောပြီး နိဂုံးချုပ်ထည့်လိုက်တဲ့အခါ တိရစ္ဆာန်လေးငါးခြောက်ကောင်ရဲ့ လက်ခုပ်သံတွေ ထွက်ချလာခဲ့တော့တာပါ။

မြေခွေးပြောသလို ရွှေဖြစ်ပြီလို့ ဆိုမယ်ဆိုရင်လည်း ဆိုလောက်တဲ့ အခြေအနေကိုတော့ ရောက်လာတဲ့သဘောပါ။

မြင်သာအောင် ပြောရရင် စုံနံ့သာမြိုင်ရဲ့ အရှေ့ဘက်တောစပ်တစ်

mgyoe.com

mgyoe.com

လျှောက်မှာ မြစ်ကြီးတစ်စင်း စီးဆင်းလို့နေပါတယ်။ တသွင်သွင်ပေါ့။ ရေကလည်းချိုပ့်။ သမင်ကလေးတွေ ရေသောက်ဆင်းကြတဲ့အချိန်မျိုး၊ ငှက်ကလေးတွေ ရေစပ်ဆင်းကာ အမွေး၊ အတောင် သန့်ရှင်းရေးလုပ်ကြတဲ့အချိန်မျိုး၊ ကျွဲပေါက်၊ နွားပေါက်၊ ဆင်ပေါက်၊ မြင်းပေါက်ကလေးတွေ ရေထဲဆင်းစိမ်ပြီး ဆော့ကစားကြတဲ့အချိန်မျိုးတွေဟာ သိပ်ကိုကြည်နူးစရာကောင်းတဲ့အချိန်မျိုးတွေပါ။

အခု... အဲသည် စုံနံ့သာမြိုင်ရဲ့ အရှေ့ဘက် တောစပ်တစ်လျှောက်မှာ ကပ်ပြီးစီးဆင်းနေတဲ့ မြစ်ကြီးထဲက ရေကို တောအနောက်ဘက် ခပ်လှမ်းလှမ်းက တောင်ကုန်းတွေပေါ်မှာ တည်ထားတဲ့ မြို့ကလူတွေက အလိုရှိကြတဲ့အတွက် မြေခွေးကို အကူအညီတောင်းကြတာပါ။

"မြစ်ထဲကရေကို ပိုက်လိုင်းကြီးတစ်ခုနဲ့ သွယ်ပြီးယူချင်တာပါခင်ဗျ။ အနို့သော်လည်းပေါ့ စုံနံ့သာမြိုင်ကိုတော့ မထိခိုက်စေချင်ဘူးပေါ့။ လူတို့ရဲ့ ပိုက်လိုင်း တိရစ္ဆာန်နယ်မြေကို ဖြတ်သွားရတဲ့အတွက် တိရစ္ဆာန်များ မနစ်နာကြရလေအောင် တတ်စွမ်းသမျှ ပံ့ပိုးပေးသွားချင်တာပါ"

မြေခွေးတို့လင်မယားကို တောင်ကုန်းမြို့တော်ဆီ အလည်အပတ်ခေါ်သွားစဉ် တစ်ခေါက်က အသားပေါင်းစုံနဲ့ ကင်ဖုတ်ကြော်လှော်ကာ ဧည့်ခံပွဲကလေးလုပ်ပေးရင်း လူတွေက အနို့ကလိုစကားဆိုလာတော့ မြေခွေးထီးရော၊ မြေခွေးမပါ မြူးသွားကြတာပါ။ လူတွေကမ်းပေးတဲ့ လက်ဆောင်သေတ္တာခပ်ကြီးကြီးကို ဖွင့်ကြည့်တော့ ကျားရိုးအားတိုးဆေးတဲ့၊ စပါးကြီးသည်းခြေဆေးတဲ့၊ မိကျောင်းသားရေလက်ဆွဲအိတ်တဲ့၊ ယုန်မွေးနံ့ဆွယ်တာတဲ့၊ ဆင်စွယ်ဘီးနဲ့ ဆင်စွယ်လက်ကောက်တဲ့၊ မျောက်သွေးတဲ့၊ ပျားရည်စစ်စစ်တဲ့၊ ဝက်ဝံသည်းခြေတဲ့၊ ပုလဲပုတီးလည်းပါရဲ့၊ တောက်တဲ့ကြီးကို ထည့်စိမ်ထားတဲ့ အထူးသွေးကြွလိုက်ဆူ ဝီစကီပုလင်းကြီးလည်းပါရဲ့၊ ဇီဝဓိုးအန်ဖတ်လည်းပါရဲ့၊ လက်ပတ်နာရီတွေရော၊ ကျောက်စိမ်းလက်ကောက်တွေရော စုံလိုက်တာမှ စေ့လို့။ မြေခွေးတို့လင်မယား တောထဲမှာ ဖြတ်သွားဖြတ်လာစီးနိုင်ကြစေဖို့ရာ မော်တော်ဆိုင်ကယ်ကလေးတစ်စီးတောင်မှ ပါလိုက်သေး။

"တောတွင်းနေ တိရစ္ဆာန်အပေါင်းတို့ကို ကျေးဇူးတင်တဲ့အနေနဲ့

mgyoe.com

mgyoe.com

အဲသည်ရေပိုက်လိုင်းကြီးများ ဖြတ်သန်းခွင့်ရခဲ့ရင် လူသားတွေက ကျေးဇူးပြန်ပြုမှာပါခင်ဗျ”

တိရစ္ဆာန်ခေါင်းဆောင်ကြီး ကိုမြေခွေး ပြုံးပြုံးပြုံးပြုံးနဲ့ ဘဝင်တွေကြွသွားလိုက်တာများ။ စုံနံ့သာမြိုင်သို့ အပြန်ခရီးကလည်း တကယ့်ကိုလှမှလှကိုး။ တောရဲ့ ဦးဆောင်တိရစ္ဆာန်လေးငါးခြောက်ကောင်ဖြစ်တဲ့ ကျားတို့၊ ခြင်္သေ့တို့၊ ဆင်တို့၊ ဝံပုလွေတို့၊ မိကျောင်းတို့အတွက် လက်ဆောင်သေတ္တာကြီးတွေပါ ထည့်ပေးလိုက်ကြတာ။

မြေခွေးက သူ့အဖွဲ့နဲ့ ညောင်ညိုပင်ကြီးရဲ့အောက်မှာ အစည်းအဝေးထိုင်တော့ ပါလာတဲ့ လက်ဆောင်သေတ္တာတစ်လုံးစီပေးရင်း ရေပိုက်လိုင်းကြီး စုံနံ့သာမြိုင်ကို ဖြတ်ခွင့်ပေးရာကစလို့ တိရစ္ဆာန်လောက ရွှေဖြစ်ပြီဆိုတဲ့အကြောင်း ပြောလိုက်တဲ့အခါ ခုနကပြောခဲ့သလို လက်ခုပ်သံကလေးတွေ ထွက်ပေါ်လို့ လာခဲ့လေတာပါ။ တောထဲက အကောင်တစ်စု လက်ခုပ်တီးလိုက်ခြင်းအမှုဆိုသည်မှာ ရေပိုက်လိုင်းကြီး ဖြတ်ခွင့်ပေးလိုက်သည်ဟုပဲ မဟုတ်ပါလား။ အရပ်ကတို့ငဲ့လေ။

## (နှစ်)

တိရစ္ဆာန်တွေ သောက်ကြသုံးကြတဲ့ အရှေ့ဘက်တောစပ်က မြစ်ကြီးထဲကို ပိုက်ချပြီး အဲသည့် ရေမပိုက်လိုင်းကြီး စုံနံ့သာမြိုင်ကိုဖြတ်ကာ လူသားတို့ ရပ်ရွာဆီကိုသွားတဲ့အခါ ပိုက်လိုင်းဝန်းကျင်မှာ အပင်တွေကို လှဲရလေသဗျ။ ဒူးရင်း၊ သြဇာ၊ မာလကာ၊ သရက် အကုန်နှက်ရလေသပေါ့။ ကြံနဲ့ ပိန္နဲအကုန်လှဲသပေါ့။ မြက်ခင်း၊ စပါးခင်း မကြွင်းမကျန် အကုန်နှံသပေါ့။ ဖရဲ၊ ငှက်ပျော၊ သင်္ဘော၊ သံပရာ အကုန်နွှာပေါ့။ ကျွန်းနဲ့ကညင်၊ အင်နဲ့ပိတောက်၊ သစ်ရာကောက်၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပျဉ်းမ တွေ့သမျှ ခုတ်လှဲ၊ စုံနံ့သာမြိုင် စုတ်ပြဲသွားလိုက်ပုံတွေများ။

“စုံနံ့သာမြိုင်ကို ကျေးဇူးတင်တဲ့အနေနဲ့ တစ်နှစ်ကို ငှက်ပျောသီးလုံးရေတစ်သိန်း၊ ဖရဲသီးလုံးရေ ငါးသောင်း၊ သရက်သီးသုံးသောင်း၊ မုန်လာဥအပင်တစ်သောင်း၊ ပိန္နဲသီးအလုံး ကိုးရာ၊ အမဲ သားငါး ပိဿာချိန် ခုနစ်ရာ၊ ကြံအစည်းပေါင်း နှစ်ရာ့ငါးဆယ်”

mgyoe.com

mgyoe.com

ပိုက်လိုင်းဖွင့်ပွဲနေ့က လူ့ကိုယ်စားလှယ်ဆိုတဲ့လူ ပြောနေလိုက်တဲ့ ကျေးဇူးပြုမယ့် စာရင်းကြီးကိုနားထောင်ကာ တိရစ္ဆာန်လေးတွေ ပါးစပ်အဝိုင်းသားနဲ့ပေါ့။ မြေခွေးက လက်မကြီးကိုထောင်ကာ တွေ့လား စုံနံ့သာမြိုင် ရွှေဖြစ်ပြီ၊ အီစကို စီမံခန့်ခွဲပေးလိုက်တာဆိုတဲ့ အချိုးမျိုးပေါ့။

အင်း... တိရစ္ဆာန်တစ်ကောင် တစ်နှစ်ကို ငှက်ပျောသီးနှစ်လုံးစီ၊ ဖရဲသီးတစ်စိတ်စီ၊ ပိန္နဲသီးတစ်မြွာစီ၊ မုန်လာဥတစ်လုံးစီလောက်တော့ ရမယ်ထင်ပါရဲ့။ အသားစားတဲ့အကောင်တွေလည်း နှစ်ကျပ်ခွဲသားစီလောက်တော့ ရမယ်ထင်ပါရဲ့။ စုံနံ့သာမြိုင် ရွှေဖြစ်ပြီဆိုတဲ့ မြေခွေးရဲ့ မိန့်ခွန်းစကား ငြင်းဖို့ရာ အင်အားမရှိပါလေတော့။

## (သုံး)

စုံနံ့သာမြိုင်တောကြီးရဲ့ အလယ်ဗဟို မကျတကျမှာ ရောမချိုင့်ခွက်ကြီးတစ်ခုရှိသဗျ။ တောင်ကုန်းကလေးတွေ ဝိုင်းထားတဲ့အပြင် နည်းနည်းကလေးမြင့်တာမို့ ရေတွေ ဘာတွေ မဝပ်တဲ့ ချိုင့်ကြီးပေါ့။

အဲသဟာကို လူတွေက တွေ့သွားပြန်ပါရဲ့။ မြေခွေးတို့အဖွဲ့နဲ့ လာတွေ့တော့ပြန်တာပါပဲ။

"ကျုပ်တို့ လူနေမြို့က နည်းနည်းမြင့်သဗျ။ မြို့က သုံးလိုက်တဲ့ ရေဆိုးတွေရယ်၊ မိလ္လာရေတွေရယ်ကို ပိုက်နဲ့သွယ်ပြီး အဆွေတို့တောလယ်က ချိုင့်ကြီးထဲကို လွှတ်ချင်တာပါ။ အလကားမဟုတ်ပါဘူး။ တောနေတိရစ္ဆာန်များအတွက် တတ်နိုင်သမျှလေး ဖြည့်ဆည်းပေးရမှာပေါ့"

မြေခွေး သူ့အဖွဲ့ကို လှမ်းကြည့်တော့ ဘာမှမလုပ်ရဘဲ တိရစ္ဆာန်တွေ စားဖို့၊ သောက်ဖို့ရာ ဖန်လာပြန်ပေါ့ဆိုတဲ့ အကြည့်ကိုယ်စီနဲ့ပေါ့။

"လုပ်ပါ လုပ်ပါ ဒီချိုင့်ကြီးက ဘာကိုမှမသုံးတဲ့ဥစ္စာ"

မြေခွေး အနို့ကလို ခေါင်းညိတ်လိုက်ပြီးတဲ့နောက် ဘဇကြာလို့တုန်း။ ချေးစော်၊ သေးစော်ဟောင်နေတဲ့ ပုပ်အဲ့အဲ့ ညှီတီတီအရည်တွေ စုံနံ့သာမြိုင်တောလယ်က ချိုင့်ခွက်ကြီးထဲ နေ့စဉ်နဲ့အမျှ စီးဝင်နေတဲ့ဥစ္စာ။ တဗွက်ဗွက်နဲ့။

ငှက်ပျောသီးတို့၊ ဖရဲသီးတို့၊ မုန်လာဥတုံး ကြဲတို့၊ အာလူးတို့၊ သား

mgyoe.com

mgyoe.com

လေး၊ ငါးလေး လက်ဆောင်လာပေးတဲ့အခါ တိရစ္ဆာန်လေးတွေ ပျော်နေကြတာပါပဲ။ ထိုင်ရာမထ စားရပြန်ပဟာဆိုတဲ့ အတွေးနဲ့ပေါ့။ မြေခွေးတို့ခေတ်မှာ စုံနံ့သာမြိုင် ရွှေဖြစ်တယ်ဆိုတာ ဟုတ်သဟလို့ ကောက်ချက်ချနေကြတဲ့ပုံနဲ့။

ဟုတ်တယ်လေ။ တောကိုဖြတ်ပြီး မြစ်ဆိပ်ကိုဆင်းတဲ့ မော်တော်ကားလမ်း ဖောက်ချင်တယ်။ ဖောက်စေပေါ့။ မီးရထားလမ်းဖောက်ချင်တယ်။ ဖောက်စေပေါ့။ တောထွက်သစ်သီးတွေကို စည်သွတ်ဘူးလုပ်တဲ့ စက်ရုံလာဆောက်ချင်တယ်။ ဆောက်စေပေါ့။ တဝေါဝေါကျနေတဲ့ ရေတံခွန်လေးနားမှာ လျှပ်စစ်စက်ရုံကလေးဆောက်ပြီး လူတို့မြို့ဆီ မီးပေးတဲ့စက်ကလေးလာလုပ်ချင်လို့။ လုပ်စေပေါ့။

တိရစ္ဆာန်ကလေးတွေ ဒီနှစ်ပိုင်းတွေမှာ မကြာခဏ အသီးအနှံကလေးတွေ အထောက်အပံ့ရသဗျ။ သားကလေး ငါးကလေးလည်း ရသဗျ။ မြေခွေးကတော်အပါအဝင် ဆင်၊ ကျား၊ ခြသေ့်၊ မိကျောင်းအားလုံးသော ကတော်အပေါင်းတွေက ကားမောင်းတွေဘာတွေတောင် သင်ပြီးကြပြီဆိုလား။

“စုံနံ့သာမြိုင်ဆိုတဲ့ အမည်ကိုတော့ ကမ္ဘာတည်သရွေ့ အပျက်မခံကြနဲ့”

တစ်ခါတစ်ခါ တောကို မြေခွေးပြောတတ်တဲ့ မိန့်ခွန်းပါ။ ဟုတ်ပါတယ်။ သစ်ပင်ဝါးပင်တွေ ရှင်းပြောင်၊ တောတွင်းသားကောင်တွေ နတ္ထိ၊ လူတွေ အခြေချလာရောက်နေထိုင်ကြသည့်တိုင် စုံနံ့သာမြိုင်ဆိုတဲ့နာမည်ကတော့ ပျောက်လို့မဖြစ်ပါဘူး။ ယုန်တစ်ကောင်၊ ကြောင်တစ်မြီးမှမရှိလည်း စုံနံ့သာမြိုင်။ သစ်တစ်တို၊ ဝါးတစ်ညှိမရှိလည်း စုံနံ့သာမြိုင်။ စပါးတစ်ပင်၊ မြက်တစ်မျှင်မရှိလည်း စုံနံ့သာမြိုင်။ နာမည်ထဲမှာ တောပါနေသမျှ ကာလပတ်လုံး ဟောသည့် တောကြီး မပျက်သုဉ်းပါဘူးလို့ တောခေါင်းဆောင်မြေခွေးနဲ့ အဖွဲ့က ယူဆနေတဲ့ပုံပါ။

ကဲထား။ တိရစ္ဆာန်ကလေးတွေအနေနဲ့ကတော့ လောလောဆယ်ဆယ် လာဝေထားတဲ့ မုန်လာဥကလေးစား၊ ကြဲရိုးကလေး ဝါး၊ စိတ်ပြေလက်ပျောက် သီချင်းကလေး ဘာလေး ညည်းချင်ညည်းပေါ့။

“ပြောင်၊ ဆင်၊ ကျားရယ်

mgyoe.com

mgyoe.com

ကျွဲနဲ့ ယုန်ရယ်...
ချေ၊ ဒရယ်...
ပျော်ဖွယ် ဗိုး...မ
မြူးကြတဲ့ စုံတောမြိုင်"

❑

mgyoe.com